ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်၊ ကြာသပတေးနေ့၊ (1-1-2009) (၂၉၀၀)

ပဓာနအကျဆုံး လိုအပ်ချက်

နိုင်ငံတော်သစ် တည်ဆောက်ရာတွင် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး စည်းလုံးညီညွတ်ပြီး အေးချမ်းတည်ငြိမ်ရေးအမျိုးသား အင်အား ခိုင်မာတောင့်တင်းရေးသည် ပဓာနအကျဆုံး လိုအပ်ချက်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ-

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျူးဘားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မစ္စတာရောင်းလ် ကတ်စထရိုရုဇ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတိုင်း ပုသိမ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုများ လှည့်လည်ကြည့်ရှု ငဝန်တံတား(မြို့ကွင်း)တည်ဆောက်ပြီးစီးမှု စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃၁

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ပုသိမ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ ငဝန်တံတား(မြို့ကွင်း) တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဇလွန်မြို့ရှိ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ တိုင်းမှူးနှင့်အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့၏ စည်ပင်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ သန့်ရှင်းသပ်ရပ်သာယာမှုအခြေအနေ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ငဝန်တံတား(မြို့ကွင်း)ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အတည်ပြုချိန် ၃း၀၀

ကြေးမုံ The Mirror
၁-၁-၂၀၀၉
(ကြာသပတေးနေ့)

ကျေးရွာအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဖော်ဆောင် ကျန်းမာအသက်ရှည်စွာနေထိုင်နိုင်ရေး စောင့်ရှောက်ကူညီ

ဧရာဝတီတိုင်းအတွင်း မြို့နယ်ဒေသအချို့တွင် လေမုန်တိုင်း တိုက်ခတ်မှုကြောင့် ကျေးရွာအချို့ လုံးဝပျက်သုဉ်းပြီး ထိခိုက်သေဆုံးသူများစွာ ကြုံတွေ့ခဲ့ရသည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ စေတနာရှင် အလှူရှင်များ၏ ပူးပေါင်းကူညီမှုများကြောင့် အဆိုပါကျေးရွာများ၏ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများမှာ အရှိန်အဟုန် ရရှိနေပြီဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများဖြစ်သည့် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၊ ကျောက်ကလပ်ကျေးရွာ၊ ပြင်စလူမြို့တို့သို့ ဒီဇင်ဘာလ ၂၉ ရက်က သွားရောက်၍ပြန်လည်ထူထောင်မှုလုပ်ငန်းများ၊ လူနေအိမ်ရာ၊ လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဆိုပါဒေသအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ဒေသဆိုင်ရာတာဝန်ရှိသူများအား လေဘေးသင့်ကျေးရွာများ၌ လမ်း၊ မီး၊ သောက်သုံးရေ ဖူလုံပြည့်စုံရေး၊ ကျေးရွာများ၌ စာပေပညာ၊ စက်မှုလက်မှုအခြေခံ ပညာတတ်မြောက်သူများ ပေါ်ထွက်လာရေး၊ ကျန်းမာအသက်ရှည်စွာ နေထိုင်နိုင်ရေး၊ အဓိကကျသည့် လမ်းများဖောက်လုပ်ပြီးစီးရေး၊ ကျေးရွာအလိုက်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေး ဆက်လက်ကူညီစောင့်ရှောက်သွားရေးတို့နှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။

ယခုအခါ လေဘေးသင့်ဒေသများ၌ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်းဖောက်လုပ်ရေးအပါအဝင် ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ၊ ရေဆင်းတံတားများ ကောင်းမွန်စေရေး ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသည်။ တစ်ဖက်မှလည်း စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် လိုအပ်သည့်မျိုးစပါး၊ ထွန်စက်၊ ကျွဲ၊ နွားများ ပံ့ပိုးပေးသကဲ့သို့ ရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာများ၊ ဆားလုပ်ငန်းရှင်များအတွက် ရေစုပ်စက်၊ လက်တွန်းထွန်စက်များနှင့် စက်သုံးဆီများ ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

နိုင်ငံတော်က စေတနာနှင့်ယှဉ်ပြီး အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်း ကူညီပေးမှုများကြောင့် ဧရာဝတီတိုင်းအတွင်းရှိ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသော မြို့ရွာဒေသများ၏ ပျက်စီးဆုံးရှုံးမှုများသည် ယခုအခါ သိသာမြင်သာစွာ တိုးတက်လာလျက်ရှိသည်။ ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်မှုကြောင့် ရောင်းဝယ်ဖောက်ကား စည်ပင်စပြုနေပြီဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားမှုများကို အလုပ်လမ်းညွှန်အဖြစ် အလေးအနက်ခံယူပြီး လေဘေးသင့်မြို့ပြကျေးရွာများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို တက်ညီလက်ညီ ကြိုးပမ်းဖော်ဆောင်ကြခြင်းဖြင့် ကျေးရွာအလိုက် အချိန်တိုအတွင်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ·ကြီးမှူး၍ လွတ်လပ်ရေးနေ့အကြို နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၂၃ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၁)ရပ်ကွက် ရုံးစာကြည့်တိုက်၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝင်းက လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲနှင့် ခိုင်မာသည့် စာကြည့်တိုက်ဖြစ်မြောက်သွားရန် ကြိုးပမ်းရေးများကို ဟောပြောသည်။

(မြို့နယ်ပြန်/ဆက်)



ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်စောလွင် ပခုက္ကူမြို့၌ လုပ်ငန်းဆိုင်ရာများ မှာကြား

နေပြည်တော် ဒီဇင်ဘာ ၃၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဒီဇင်ဘာ ၂၈ ရက် နံနက် ၇နာရီခွဲတွင် မကွေးတိုင်း ပခုက္ကူမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးရုံး၌ ပခုက္ကူခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ခရိုင်ဦးစီးဌာနမှူး ဦးမောင်မောင်ကြီးနှင့် မကွေးတိုင်း ဦးစီးဌာနမှူး ဦးချိုထွန်းတို့က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်း

ထို့နောက် ဝန်ကြီးက နည်းဥပဒေ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရေး မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ပခုက္ကူမြို့နယ် ဦးစီးဌာနမှူးရုံး မှတ်တမ်းခန်းအတွင်း မှတ်တမ်းဖိုင်တွဲများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်ပခုက္ကူမြို့နယ် ဦးစီးဌာနမှူးရုံး မှတ်တမ်းခန်းအတွင်း မှတ်တမ်းဖိုင်တွဲများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကြိုဆိုဂုဏ်ပြု ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော အောင်မင်္ဂလာရပ်ကွက်ရှိ အောင်မင်္ဂလာကတ္တရာလမ်းသစ်ဖွင့်ပွဲကို (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၂၈ ရက် နံနက် ၇နာရီတွင် အဆိုပါ လမ်းထိပ်ရှိမုခ်ဦး၌ ကျင်းပရာ အစီအစဉ်အရ လမ်းနှင့်ပတ်သက်သောအချက်အလက်များကို သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမြင့်စိုးက ရှင်းလင်းတင်ပြပြီး သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့က ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊တိုင်းဒုတိယအင်ဂျင်နီယာမှူးကြီး၊တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့အား ဖွင့်ပွဲအထိမ်းအမှတ်အလံများပေးအပ်သည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ကကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** (သတင်းစဉ်)

နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်)၏ ဆဋ္ဌမအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းအားကစားကွင်းဝင်းအတွင်းရှိ M3 FOOD CENTRE (DIAMOND HALL)၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရောက် ကြံခင်းသူ၊ ကြံခင်းသားများနှင့် အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ အစည်းအဝေးသို့ နံနက် ၈နာရီခွဲ အရောက် တက်ရောက်ကြရန် နိုးဆော်ထားသည်။

၂၀၀၈ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက်ရရှိကြသည့် အသင်းဝင်များ၏ သား၊ သမီးများ အမည်စာရင်းကို ဇန်နဝါရီ ၇ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) ဖုန်း-၀၁-၆၃၆၇၈၀၊ အတွင်းရေးမှူး ဦးစိန်ငွေ ဖုန်း-၀၁- ၆၆၃၄၈၉၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ဖုန်း-၀၁- ၅၄၁ ၀၆၅၊ အလုပ်အမှုဆောင် ဒေါ်အေးအေးညွန့် ဖုန်း-၀၁-၆၅၁၂၄၇၊ အလုပ်အမှုဆောင် ဒေါက်တာကျော်စိုးလင်း ဖုန်း-၀၉၅၁၉ ၅၈၃၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သန်လျင်မြို့ ထန်းနှစ်ပင် အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပညာရည်ချွန်ဆု ရရှိသော မောင်သိန်းဉာဏ်ထွန်းလင်းအား ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်း ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ကြေးမုံ)

❖ **ရှေ့ဖုံးမှ**

ဝေန်မြစ်ကူးပုသိမ်တံတား ပတ်ဝန်းကျင်အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ဟသ်ာတမြို့နယ် ဟသ်ာတ-မြို့ကွင်း-ကွင်းကောက်လမ်းပေါ်ရှိ ဝေန်တံတား(မြို့ကွင်း)တည်ဆောက်ရေးစီမံကိန်းသို့ မွန်းလွဲ ၂နာရီခွဲတွင် ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးအား စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဝေန်တံတား(မြို့ကွင်း) တည်ဆောက်ရခြင်း နောက်ခံအခြေအနေ၊ တံတားအမျိုးအစား၊ တံတားအရှည်နှင့် တည်ဆောက်ပြီးစီးနေသည့် အပိုင်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယာဉ်သွားလမ်းအကျယ် ၂၈ပေရှိပြီး တစ်ဖက်လျှင် လူသွားလမ်း အကျယ် သုံးပေစီထည့်သွင်းထားသည်။ ယာဉ်တစ်စီးချင်း အလေးချိန်တန် ၆၀အထိ ခွင့်ပြုမောင်းနှင်နိုင်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း ဟသ်ာတခရိုင် ဇလွန်မြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်မောင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသည် ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာ ဘုရားသို့ ရောက်ရှိရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ကြည်ညိုကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ဝေန်တံတား(မြို့ကွင်း)သည် ဟသ်ာတမြို့နယ် ဟသ်ာတ-မြို့ကွင်း-ကွင်းကောက်လမ်းပေါ်တွင် တည်ရှိကာ ပင်မတံတားမှာ သံပေါင်တံတားနှင့် ကြိုတင်အားဖြည့်သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ချဉ်းကပ်တံတားမှာ သံကူကွန်ကရစ်တံတားဖြစ်သည်။

ပင်မတံတားကြီးအရှည်မှာ ၁၀၃၅ပေရှိပြီး ကမ်းနှစ်ဖက်မှချဉ်းကပ်တံတား နှစ်စင်းမှာ ပေ ၁၈၀၀ရှိသဖြင့် စုစုပေါင်းအရှည် ၂၈၃၅ပေရှိသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသည် ဘုရားအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဇလွန်မြို့မှ ထွက်ခွာလာရာ ညနေ ၄နာရီ မိနစ် ၄၀တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဇလွန်မြို့ရှိ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုစဉ်။
(သတင်းစဉ်)

ဆေးတက္ကသိုလ်(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ဆေးတက္ကသိုလ်(၁) ရန်ကုန်(၁၉၇၉-၁၉၈၄) ကျောင်းသား၊ ကျောင်းသူများက ကြီးမှူး၍ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၀ရက် ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဝေန်တံတား(မြို့ကွင်း)ကို တွေ့ရစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပုသိမ်မြို့အမှတ်(၁၃) သစ်စက်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် သစ်စက်များကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဒီဇင်ဘာ ၂၉ ရက်တွင် ပုသိမ်မြို့ အမှတ်(၄)အထပ်သားစက်ရုံရှိ စက်ရုံရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက စက်ရုံလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း အထပ်သားထုတ်လုပ်နေမှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စက်ရုံသည် မြန်မာ့သစ်လုပ်ငန်းနှင့် Win & Win Trading Co., Ltd. တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး စက်ရုံမှထွက်ရှိသော သစ်မာအထပ်သားများကို ပြည်တွင်းနှင့်ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ယင်းနောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် အမှတ်(၁၃)သစ်စက်နှင့် အမှတ်(၁၈) သစ်စက်တို့သို့ ရောက်ရှိပြီး သစ်စက်အတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ကိုင်းခရိုင်တွင် စာပေဟောပြောပွဲများကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ၏ စီမံကြီးကြပ်မှုဖြင့်စစ်ကိုင်းခရိုင်တွင်စာပေဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ရာ ဒီဇင်ဘာ၁၉ရက် မွန်းတည့် ၁၂ နာရီတွင် ရွာသစ်ကြီးရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင်လည်းကောင်း၊စစ်ကိုင်းမြို့ မြို့တော်ခန်းမတွင် ထိုနေ့ည ၇ နာရီတွင် လည်းကောင်း၊ မြင်းမူမြို့ ရှင်ပင်သိမ်တော်ကြီး ဓမ္မာရုံတွင် ဒီဇင်ဘာ ၂၀ ရက် မွန်းတည့် ၁၂နာရီတွင် လည်းကောင်း အသီးသီး ကျင်းပခဲ့ရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် စာရေးဆရာ မြင်းမူမောင်နိုင်မိုး၊ စာရေးဆရာမြတ်ခိုင်၊ စာရေးဆရာမ မစန္ဒာတို့က စာပေရေးရာများကို ဟောပြောခဲ့ကြသည်။ အဆိုပါ စာပေဟောပြောပွဲများသို့ သက်ဆိုင်ရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အစိုးရမဟုတ်သော ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ကျောင်းသား၊ ကျောင်းသူများနှင့် စာပေဝါသနာရှင်များ တက်ရောက်နားထောင်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေပြည်ကြီးက ကြိုနေပြီ

✻ လွတ်လပ်ရေးနေ့၊ မမေ့သစ္စာ၊
ဆိုလိုက်ပါ၏၊ မြန်မာပြည်ဖွား၊
တိုင်းရင်းသားတို့၊ အင်အားပေါင်းစည်း၊
ရှေ့ခရီးမျှော်၊ ရွှေပြည်တော်သစ်၊
သမိုင်းခေတ်က၊ ကြိုနေသည်။

✻ ဒို့အနာဂတ်၊ မြင့်မြတ်အောင်ပွဲ၊
ဆင်နွှဲကြမည်၊ ရွှေပြည်တော်သစ်
သမိုင်းခေတ်တွင်၊ စစ်မှန်ဒီမိုကရေစီ
ဖြစ်တည်ရှင်သန်လာတော့မည်။

✻ နိုင်ငံအဝန်း၊ အေးချမ်းခေတ်မီ၊
ပြည်သစ်တည်လျက်၊ တိုးတက်မြင့်မား၊
စီးပွားဖွံ့ဖြိုး၊ အမျိုးဂုဏ်ရည်
ကမ္ဘာတည်မျှ၊ ရှည်ကြာရမည်၊
ယုံကြည်ရဲရဲ၊ ခိုင်မာမြဲ။ ။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်...

နန္ဒစိုး(တောင်ငူ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၀၉ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖိလစ်ပီရပ်ရှ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးစောလှမင်း စပိန်နိုင်ငံဘုရင်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁

စပိန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးစောလှမင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ၁၆ရက်တွင် မဒရစ်မြို့၌ စပိန်နိုင်ငံဘုရင် ပထမမြောက် ဟွမ်ကာလော့စ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၁-၂၀၀၉ (ကြာသပတေးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"သရဏဂုံအစွမ်းအံ့မခန်း"တရားတော် [ဆရာတော်အရှင်ဇဝန(မေတ္တာရှင်)]
၇း၅၀ - ၁း၅၀	တေးဂီတအစီအစဉ်
၇း၅၅ - ၁း၅၅	ပြည်နယ်ဂုဏ်ဆောင်ငွေတောင်ဆည်
၈း၀၅ - ၂း၀၅	ပြည်တွင်းအနုပညာရေးရာ
၈း၃၀ - ၂း၃၀	Language Lab အထက-၁-ဒဂုံ
၈း၅၅ - ၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀ - ၃း၀၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	အောင်ပင်လယ်အရဏ်ဦး----ကြာငုံဖူးပွင့်ခဲ့ပြီ
၉း၄၀ - ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	Yangon Panorama (ES4E Parent's Day)
၁၀း၀၅ - ၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀ - ၄း၁၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ဆက်ရန်ရှိသေးသည်"
၁၀း၃၅ - ၄း၃၅	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀း၄၀ - ၄း၄၀	တေးဂီတအစီအစဉ်
၁၀း၅၀ - ၄း၅၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Heart Link gift shop)
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	မြန်မာ့ခြင်းလုံး
၁၁း၂၅ - ၅း၂၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မေသူနှင့်တွေ့ဆုံခြင်း)
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	အာဟာရနှင့်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်ဇင်)
၁၂း၂၅ - ၆း၂၅	MOVIE MISTAKES (Indiana Jones and The Last Crusade)
၁၂း၄၅ - ၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀ - ၆း၅၀	မီးမီးရဲ့ဆုံးဖြတ်ချက် (နေအောင်၊ထွန်းထွန်းဝင်း၊မေသဥ္ဇာဦး၊နေလ၊ ပြည့်ဖူးခိုင်၊အောင်ဟိန်း) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၃၁

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၈-၂၀၀၉ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ဒီဇင်ဘာ၂၈ရက် နံနက်၉နာရီတွင် အမှတ်(၇) ဦးအောင်မြတ်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးရဲဇော် (ကိုရဲဇော်)က ဆောင်ရွက်ပြီး သဘာပတိဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်) နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးမောင်မောင်မြင့်အေး(မောင်မောင်မြင့်အေး) တို့က အမှာစကားပြောကြားကာ နှစ်ပတ်လည်အစီရင်ခံစာကို အမှုဆောင်အဖွဲ့ဝင် ဒေါ်အေးအေးသိန်း (တက္ကသိုလ်အေးမြစန္ဒာ)က ဖတ်ကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ အသက်(၇၀)နှင့် အထက် သက်ကြီးစာပေပညာရှင်၂၃ဦးတို့အား ငွေကြေးနှင့် ဆေးဝါးပစ္စည်းတို့ဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဒီဇင်ဘာ ၃၁

ဒီဇင်ဘာ၃၁ရက် မြန်မာစံတော်ချိန် ၀၂နာရီ၊ ၂၃မိနစ်၊ ၃၅စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှတောင်ဘက် မိုင်၁၅၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှား သမ္မတနိုင်ငံ) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြို့ပြအင်ဂျင်နီယာကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့တွင် အချိန်ပြည့် အချိန်ပိုင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်တွင်း ပြည်ပ ဆရာ၊ ဆရာမကြီးများအား မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများက စုပေါင်း၍ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက်က မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ခန်းမ၌ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းကျော်က အဖွင့်အမှာစကားပြောကြားကာ ပညာသင်နှစ်အလိုက် ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာ၊ ဆရာမကြီးများ ကန်တော့လက်ဆောင်ပစ္စည်း ပေးအပ်၍ ပူဇော်ကန်တော့ကြကာ ဆရာကြီး ဦးတင်ဦး၊ ဒေါက်တာဝင်းသိန်း၊ ဦးသိန်းတန်နှင့် ဦးညီလှငယ်တို့က သြဝါဒစကားပြောကြားကြသည်။ (ကြေးမုံ)

အမှတ်(၅)ဓာတ်မြေဩဇာစက်ရုံစီမံကိန်း(ပုသိမ်) ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃၁

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးသည် ဒီဇင်ဘာ ၃၀ ရက်တွင် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံစီမံကိန်း (ပုသိမ်)သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်း ဒါရိုက်တာက လုပ်ငန်းပြီးစီးမှုနှင့် ပစ္စည်းများရောက်ရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယ ဝန်ကြီးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်အချိန်အတွင်း ပြီးစီးရေးအတွက် ဝန်ထမ်းအားလုံးက ရည်မှန်းချက်ထား၍ ကြိုးစားအကောင်အထည် ဖော်ဆောင်ရွက်ကြရန်၊ စီမံကိန်း လုပ်ငန်းများကို စတင်တည်ဆောက် ကတည်းက အစစအရာရာ ဂရုတစိုက် ဆောင်ရွက်ကြရန် စသည်ဖြင့် ဆွေးနွေးမှာကြားပြီး စီမံကိန်း လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံစီမံကိန်း (ပုသိမ်)တွင် ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

အမျိုးသားစာပေ တစ်သက်တာဆုတံဆိပ်နှင့် ဆုငွေတို့ကို ဆရာကြီးဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)အား အိမ်တိုင်ရာရောက် ပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၃၁

၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာကြီး ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)သည် ဒီဇင်ဘာ ၂၈ ရက်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးအခြေအနေအရ တက်ရောက်နိုင်ခြင်း မရှိခဲ့သဖြင့် ရန်ကုန်မြို့ သာကေတမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ၎င်း၏နေအိမ်သို့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာတည်းမှူးချုပ် ဦးကိုကိုထွေးနှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်လှိုင်တို့က ယနေ့နံနက်ပိုင်းတွင် ကိုယ်တိုင်သွားရောက်၍ ဆုတံဆိပ်နှင့် ဆုငွေများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၇ ခုနှစ်အတွက် အမျိုးသား စာပေ တစ်သက်တာဆုရှင် ဆရာကြီး ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း) အား စာပေဗိမာန် စာတည်းမှူးချုပ် ဦးကိုကိုထွေးနှင့် အမျိုးသား စာပေဆု စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်လှိုင်တို့က ဆုတံဆိပ်နှင့် ဆုငွေများကို အိမ်တိုင်ရာရောက်သွားရောက် ပေးအပ်စဉ်။

(သတင်းစဉ်)

သိုင်းနှင့် ဗန်တိုစိန်ခေါ်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ ဒုတိယအကြိမ် သိုင်းပညာစဉ် ပြပွဲနှင့် တတိယအကြိမ် ဗန်တို(အတိုက်)ပြိုင်ပွဲ၊ ဗန်တို(အထူး) စိန်ခေါ်ပွဲကို ဇန်နဝါရီ ၁၇ရက်နှင့် ၁၈ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ပြည်နယ်/တိုင်းများမှ သိုင်းပညာရှင်များနှင့် အားကစားသမားများသည် လူငယ်လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ရုံးအဖွဲ့သို့ ဇန်နဝါရီ ၁၂ရက် ညနေ ၆နာရီ လာရောက်ကြရမည်ဖြစ်ပြီး အသစ်ပြသရန်ရှိသော သိုင်းပညာစဉ်များသည် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် မြန်မာ့သိုင်းသင်တန်းကျောင်းသို့ ဇန်နဝါရီ ၁၀ရက်ရောက်ကြရမည်ဖြစ်သည်။အသေးစိတ်သိရှိလိုပါက ဖုန်း-၅၈၀၇၁၂သို့ ဆက်သွယ်နိုင်သည်။

(ကြေးမုံ)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

ကုန်သည်စက်မှုအသင်းချုပ်တွင် ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)က ကြီးမှူးပြုလုပ်သော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ/ဆွေးနွေးပွဲကို Fortune International Co.,Ltd.၏ ကူညီပံ့ပိုးမှုဖြင့် ဇန်နဝါရီ ၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower (ပထမထပ်) မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆွေးနွေးပွဲ သဘာပတိအဖြစ် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က ဆောင်ရွက်မည်ဖြစ်ပြီ စီးပွားရေးပညာရှင် ပါမောက္ခဒေါက်တာတင်စိုး၊ ဦးလှမောင်ရွှေ [အကြီးတန်း ဒုတိယဥက္ကဋ္ဌ (၁) မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်]၊ ဦးမြတ်သင်းအောင် (နာယက၊ မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်း)၊ ဦးအောင်သန်းဦး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း)နှင့် ဦးမောင်မောင်ဆွေ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းရှင်များ အသင်း) တို့က ကမ္ဘာ့စီးပွားရေး အကျပ်အတည်း ခေါင်းစဉ်ဖြင့် ဆွေးနွေးကြမည်ဖြစ်ပြီး ဖုန်း-၂၁၄၃၄၄သို့ ဆက်သွယ်နိုင်သည်။

(ကြေးမုံ)

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းဆင်း

ရန်ကုန် ဒီဇင်ဘာ ၃၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၀၈)ဆင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါဦးစီးဌာနရှိ လျှပ်စစ်စစ်ဆေးရေးနှင့် ဘွိုင်လာစစ်ဆေးရေး သင်တန်းခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးက အမှာစကားပြောကြားပြီး ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် Yangon Crown Co.,Ltd. အကြံပေးပုဂ္ဂိုလ် ဦးသန်းဝင်းက ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများ ကိုယ်စား သင်တန်းသား ခေါင်းဆောင်က သင်တန်းမှူး ဦးအေးကိုအား အမှတ်တရလက်ဆောင်ကို ပြန်လည် ပေးအပ်သည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံ ဘုရင်ဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဒီဇင်ဘာ ၃၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူသည် ယနေ့ နံနက် ၁၀ နာရီတွင် အမှတ်(၈၂) ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ရှိ မလေးရှားနိုင်ငံသံရုံးသို့ သွားရောက်၍ ဒီဇင်ဘာ ၂၇ ရက်တွင် ကွယ်လွန်သွားသော မလေးရှားနိုင်ငံ ဘုရင်ဟောင်း Tuanku Jaafar Ibni Almarhum Tuanku Abdul Rahmanအတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

လွှမ်းမိုးသူကုမ္ပဏီလီမိတက်၏ နှစ်သစ်ကူးအထူးအစီအစဉ် အိတ်ရောင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

လွှမ်းမိုးသူကုမ္ပဏီလီမိတက်၏ အရောင်းဆိုင်များမှ အိတ်ဝယ်ယူအားပေးကြသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် နှစ်သစ်ကူးအထူးအစီအစဉ် အိတ်ရောင်းပွဲကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၁ရက်မှ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၇ရက်အထိ ရန်ကုန်မြို့ရှိ လွှမ်းမိုးသူနှင့် Promise အိတ်အရောင်းဆိုင်များ၌ ရောင်းချပေးလျက်ရှိသည်။

လွှမ်းမိုးသူကုမ္ပဏီလီမိတက်၏ နှစ်သစ်ကူးအထူးအစီအစဉ် အိတ်ရောင်းပွဲတွင် ငွေကျပ် ၂၀၀၀၀နှင့်အထက် ဝယ်ယူသူတိုင်း မေတ္တာလက်ဆောင်အိတ်တစ်လုံး လက်ဆောင်ရမည့်အစီအစဉ်၊ Buy One Get One အစီအစဉ်နှင့် ငါးရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ Discountရမည့် အစီအစဉ်များ ပါဝင်သည်။

လွှမ်းမိုးသူကုမ္ပဏီလီမိတက်၏ နှစ်သစ်ကူးအထူးအစီအစဉ် အိတ်ရောင်းပွဲမှ အိတ်များကို ဝယ်ယူလိုသူများသည် မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာပထမထပ် A(14/15), A-11, G-12နှင့် ဒုတိယထပ် A-2၊ စမ်းချောင်းမြို့နယ် ဗားကရာလမ်း (ဂမုန်းပွင့်ကုန်တိုက်ဘေး) အမှတ်(၂၄၇)၊ ပန်းဘဲတန်းမြို့နယ် (၂၇) လမ်းနှင့် အနော်ရထာလမ်းထောင့် အမှတ် (၂၈၈-၃၀၇) အခန်း(၇)၊ ကျောက်တံတားမြို့နယ်၊ (၃၈)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် အမှတ်(၁၁) (သမစတိုးလီမိတက်)၊ သင်္ဃန်းကျွန်းမြို့နယ် Junction Zawana ပထမထပ်၊ မရမ်းကုန်းမြို့နယ် (၈)မိုင်လမ်းဆုံအနီး Junction-8 ပထမထပ်၊ ကမာရွတ်မြို့နယ် လှည်းတန်းလမ်း (လှည်းတန်းဈေးအနီး) အမှတ်(23-A) မြေညီထပ်၊ လမ်းမတော်မြို့နယ် China Town Center Point တတိယထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် စံပယ်လမ်းနှင့် (၆)လမ်းထောင့် အမှတ်(၁/၆)တို့ရှိ အိတ်အရောင်းဆိုင်များနှင့် Asia Light Supermarket များမှ လွှမ်းမိုးသူအိတ်အရောင်းကောင်တာများ ဖုန်း - ၂၀၃၃၅၂၊ ၂၀၃၁၉၄၊ ၇၁၀၇၁၈ တို့သို့ ဆက်သွယ်ဝယ်ယူ အားပေးနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့များအတွက် ပေးပို့မည့် ထောက်ပံ့ရေး ပစ္စည်းများကို ဆက်လက်ပေးပို့ခြင်း မပြုဘဲ ပါကစ္စတန်နိုင်ငံ၌ ခေတ္တရပ်ဆိုင်းထားသည်ကို ဒီဇင်ဘာ ၃၀ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်ရှိ အမေရိကန် နေတိုးထောက်ပံ့ရေးလမ်းကြောင်းများ ပိတ်ဆို့ထား

ပက်ရှဝါ ဒီဇင်ဘာ ၃၁

ပါကစ္စတန်နိုင်ငံတွင် စစ်သွေးကြွများကိုလုံခြုံရေးတပ်ဖွဲ့များက ကြီးမားသော စစ်ဆင်ရေးတစ်ခု ဆင်နွှဲနေသဖြင့် ခိုင်ဘာတောင်ကြားမှ ဖြတ်သန်း၍ အာဖဂန်နစ္စတန်ရှိ နေတိုးနှင့် အမေရိကန်တပ်ဖွဲ့များကို ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်နေခြင်းအားအင်္ဂါနေ့မှစ၍ ရပ်ဆိုင်းထားကြောင်းတာဝန်ရှိသူများက ပြောကြားသည်။

ယခုလစောစောပိုင်းကပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း စစ်ဘက်ဆိုင်ရာ ထောက်ပံ့ရေးစခန်းများကို တာလီဘန် စစ်သွေးကြွများဟု ယူဆရသူများက တိုက်ခိုက်ပြီးနောက် အဆိုပါ စစ်ဆင်ရေး ပေါ်ပေါက်လာရခြင်းဖြစ်သည်။

ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့များသည် တင့်ကားများ၊ အမြောက်တင်ရဟတ်ယာဉ်များနှင့်အမြောက်တပ်ဖွဲ့များခြံရံ၍ အာဖဂန်နစ္စတန်နယ်စပ်မျိုးနွယ်စုတို့၏ဒေသခိုင်ဘာတောင်ကြားအတွင်းသို့ အရှက်မတက်မီ ဝင်ရောက်လာကြောင်း အုပ်ချုပ်ရေးမှူးတာရစ်ဟာရပ်ကပက်ရှ်ဝါတွင် သတင်းထောက်များကို ပြောကြားသည်။

ပက်ရှ်ဝါနှင့် အာဖဂန်နယ်စပ်မြို့တော်ဝန်တို့အကြား ဆက်သွယ်ထားသော အမြန်လမ်းမကြီးကို စစ်ဆင်ရေးမပြီးမခြင်း ပိတ်ထားမည်ဟု ပြောကြားသည်။ ***အင်တာနက်။***

အာဖဂန်မြောက်ပိုင်းတွင် အသေခံဗုံးခွဲသမားနှစ်ဦးသေဆုံး

ကဘူး ဒီဇင်ဘာ ၃၁

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းရှိ ခို့စ်ပြည်နယ်တွင် ဒီဇင်ဘာ ၂၈ ရက်က အမေရိကန် တပ်ဖွဲ့ဝင်များရှိရာ ဝင်းအတွင်း ဗုံးခွဲမှုတစ်ခုဖြစ်ပွားရာ အသေခံဗုံးခွဲသမား နှစ်ဦးသေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးလည်း ဒဏ်ရာရရှိသွားသည်။

ပြင်းထန်

အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့များ အခြေစိုက်ရာ ဘာဂရမ်မှ အမေရိကန်တပ်ဖွဲ့ဝင်များသည်အစိုးရနှင့် တွေ့ဆုံရန်ရောက်ရှိလာသည်။ ယင်းသို့ရောက်ရှိလာစဉ်၎င်းတို့စီးနင်းလာသော ဟမ်းဗီးယာဉ်များသည် ကားရပ်နားရာနေရာ၌ ရပ်နားထားစဉ် ဂိတ်အပြင်ဘက်မှ အသေခံဗုံးခွဲသမားနှစ်ဦးက ၎င်းတို့၏ဖောက်ခွဲရေးပစ္စည်းများကို ပြင်းထန်စွာ ဖောက်ခွဲလိုက်ကြောင်း ပါဝမ်ပြည်နယ်၏ ရဲမှူး ခါအလီဇီယက်က ပြောကြားသည်။

ယင်းပေါက်ကွဲမှု၌ အာဖဂန်နှစ်ဦး သေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိသွားကြောင်း၊ အာဖဂန်၌ လွန်ခဲ့သောနှစ်နှစ်ခန့်မှစ၍ အကြမ်းဖက်မှုများ များပြားလာကြောင်း၊ အာဖဂန်၌ တပ်စွဲထားသော အမေရိကန်တပ်ဖွဲ့ဝင် အင်အား ၃၂၀၀၀ ရှိသော်လည်း နောက်ထပ်၍ အင်အားဖြည့်ရန်အတွက် တပ်ဖွဲ့ဝင် ၂၀၀၀၀ မှ ၃၀၀၀၀ ကြား ပို့ရန် အမေရိကန်က ကြံစည်လျက်ရှိကြောင်း ဇီယက်က ထပ်လောင်းပြောကြားသည်။

ယခုနှစ်အတွင်းအာဖဂန်တွင်ပြည်သူ ၆၁၀၀ သည် အကြမ်းဖက်ခံရမှုနှင့် စပ်လျဉ်း၍ သေဆုံးခဲ့ရကြောင်း အနောက်အုပ်စုနှင့် အာဖဂန်တာဝန်ရှိပုဂ္ဂိုလ်များထံမှရရှိသော စာရင်းဇယားများအရ အေပီသတင်းဌာနက ဖော်ပြထားသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်၌ကားဗုံးပေါက်၊ ကလေး ၁၄ ဦးသေဆုံး

ကဘူး ဒီဇင်ဘာ ၃၁

အာဖဂန်နစ္စတန်နိုင်ငံအရှေ့တောင်ပိုင်း၌ ဒီဇင်ဘာ ၂၈ ရက်က ကားဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ ကလေး ၁၄ ဦးအပါအဝင် ၁၆ ဦးသေဆုံးပြီး ၅၈ ဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်မှ ပြောကြားသည်။

တင်ပို့ပေး

မင်ဒိုဇိုင်းဒေသဌာနချုပ်သို့ ဝင်ရောက်လာသောကားများကို လုံခြုံရေးအစောင့်အရှောက်များက ရပ်တန့်ရှာဖွေစစ်ဆေးစဉ် အသေခံဗုံးခွဲသမား ပါဝင်သော ကားအတွင်းမှ အသေခံဗုံးခွဲသမားက ဗုံးကိုဖောက်ခွဲလိုက်ကြောင်း၊ ယင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးအစောင့်နှင့် အာဖဂန်စစ်ဘက်မှ တပ်ဖွဲ့ဝင်လည်း သေဆုံးသွားကြောင်း၊ ဒဏ်ရာရရှိသွားသူများကိုမူ မဟာမိတ်တပ်ဖွဲ့ဝင်များနှင့် အာဖဂန်မှ တာဝန်ရှိပုဂ္ဂိုလ်တို့က ကယ်ဆယ်၍ စစ်ဘက်နှင့် အရပ်ဘက် ဆေးရုံများသို့ တင်ပို့ပေးလိုက်ကြောင်း ခို့စ်ပြည်နယ်မှ လုံခြုံရေးအရာရှိမိုဟာမက်ရာကွတ်က ပြောကြားသည်။

အင်တာနက်။

တောင်ကိုရီးယားလက်နက်တင်ပို့မှုမှ တစ်ဘီလီယံဒေါ်လာရရှိ

ဆိုးလ် ဒီဇင်ဘာ ၃၁

တောင်ကိုရီးယားနိုင်ငံသည်၂၀၀၈ ခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် နိုင်ငံခြားသို့ လက်နက်များတင်ပို့ခြင်းမှရရှိသော ငွေသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံသို့ ရောက်ရှိခဲ့သည်ဟု အစိုးရအေဂျင်စီတစ်ခုက တနင်္လာနေ့တွင် ပြောကြားသည်။

မကြာမီကာလတွင် လက်နက်များတင်ပို့ရောင်းချသော ကမ္ဘာ့ထိပ်ဆုံး ၁၀နိုင်ငံစာရင်းတွင် ဝင်ရောက်ရန် ရည်ရွယ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

တောင်ကိုရီးယား၏အကြီးမားဆုံးသော စစ်လက်နက်ပို့ကုန်များတွင် သံချပ်ကာတင်အမြောက်များ၊ လေယာဉ်များနှင့် စစ်သင်္ဘောများ ပါဝင်ပြီး အဓိကဝယ်ယူသော ဖောက်သည်များမှာ အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် အမေရိကန် ပြည်ထောင်စုတို့ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနကြေညာချက်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားသည် အာဖရိကနှင့် လက်တင်အမေရိကမှဖွံ့ဖြိုးဆဲနိုင်ငံများသို့ လက်နက်ရောင်းချမှု မြင့်မားလာကြောင်း၊ဝယ်ယူသောနိုင်ငံများကိုအတိအကျမဖော်ပြဘဲကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ၂၀၁၂ ခုနှစ်တွင် လက်နက်ရောင်းချခြင်းမှဝင်ငွေကို အမေရိကန်ဒေါ်လာ သုံးဘီလီယံအထိ ရရှိရန် မျှော်မှန်းထားပြီးနှစ်အနည်းငယ်အတွင်းကမ္ဘာ့လက်နက်တင်ပို့သူ ၁၀ နိုင်ငံစာရင်းတွင်ပါဝင်ရန်ရည်ရွယ်သည်ဟုကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်နစ္စတန်တွင် ငလျင်လှုပ်

ကဘူး ဒီဇင်ဘာ ၃၁

အာဖဂန်နစ္စတန်နိုင်ငံတွင် တနင်္လာနေ့က ပြင်းအား ၅ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခု လှုပ်သွားရာ အပျက်အစီးနှင့် အသေအပျောက် သတင်းများမရရှိသေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကဘူးမြို့၏ အရှေ့မြောက်ဘက် ၂၆၀ ကီလိုမီတာအကွာ (မိုင် ၁၆၀) ဗာဒတ်ရှန်ပြည်နယ် မြို့တော် ဖိုင်ဇာဘတ်တွင် ဗဟိုချက်ထား၍ လှုပ်ခဲ့ရာ အိမ်နီးချင်းနိုင်ငံများ ဖြစ်သော ပါကစ္စတန်နှင့် တာဂျီကစ္စတန်တို့တွင်လည်း ရိုက်ခတ်သည်။

အာဏာပိုင်များသည် ငလျင်လှုပ်ရာ ဝေးလံခေါင်ဖျားသော ဒေသနှင့် အဆက်အသွယ်ရရန် ကြိုးပမ်းနေကြသည်ဟု ဗာဒတ်ရှန်ပြည်နယ် ရဲတပ်ဖွဲ့ အကြီးအကဲက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စပိန်နိုင်ငံ၏ အကြီးဆုံးလေကြောင်းပို့ဆောင်ရေးလုပ်ငန်း အီဘီးရီးယားမှ ဝန်ထမ်းများသပိတ်မှောက်သဖြင့် မဒရစ်လေဆိပ်၌ရပ်နားထားရသောလေယာဉ်များကို ဒီဇင်ဘာ ၃၀ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်စစ်ပွဲတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၂၁၉ ဦးရှိပြီ

ဝါရှင်တန် ဒီဇင်ဘာ ၃၁

အီရတ်နိုင်ငံအတွင်းသို့ မေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ဝင်ရောက်ကျူးကျော်သည့်၂၀၀၃ ခုနှစ် မတ်လမှ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၈ ရက်အထိ အီရတ်နိုင်ငံ၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ အနည်းဆုံး ၄၂၁၉ဦးရှိပြီဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ ကိန်းဂဏန်းတွင် စစ်ဘက် တာဝန်ထမ်းနေသူ အရပ်သားရှစ်ဦးလည်းပါဝင်သည်။ တိုက်ခိုက်မှုများကြောင့် သေဆုံးရသူမှာ အနည်းဆုံး ၃၃၉၈ ဦး ပါဝင်သည်ဟု စစ်ဘက်ဆိုင်ရာ ကိန်းဂဏန်းများအရ သိရသည်။

ထို့အပြင် အပေါင်းပါတပ်များမှ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၇၈ ဦးသေဆုံးပြီး အီတလီမှ ၃၃ ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၂၁ဦး၊ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန်၁၁ဦး၊ ဒိန်းမတ်ခုနစ်ဦး၊ အယ်လ်ဆာဗေးဒိုး ငါးဦး၊ စလိုဗက်ကီးယား လေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာ သုံးဦးစီ၊ အက်စတိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယား နှစ်ဦးစီ၊ ဩစတေးလျ၊ဟန်ဂေရီ၊ကာဇက်စတန်နှင့် တောင်ကိုရီးယားတို့မှ တစ်ဦးစီ အသီးသီးသေဆုံးကြသည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းနယ်စပ်ဒေသတွင် အမေရိကန်တို့၏လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော ကလေးလူနာတစ်ဦးကိုဆေးရုံသို့သယ်ယူနေသည်ကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်တွင် ကနေဒါတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

အော့တဝါ ဒီဇင်ဘာ ၃၁

အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒါဟာ၏ အနောက်ဘက် ၁၅ မိုင်ခန့်အကွာတွင် စနေနေ့က ဗုံးပေါက်ကွဲရာ ကနေဒါတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။အာဖဂန်နစ္စတန်နိုင်ငံသို့ ၂၀၀၂ ခုနှစ်တွင် ပထမဆုံး ကနေဒါတပ်ဖွဲ့ကို စေလွှတ်ပြီးကတည်းက သေဆုံးရသော အရေအတွက်မှာ ၁၀၆ ဦးရှိပြီးဖြစ်သည်။ တာလီဘန်တို့ အခိုင်အမာခြေကုပ်ယူထားသော ကန်ဒါဟာ တွင် ကနေဒါတပ်ဖွဲ့ဝင် ၂၇၀၀ ခန့်တပ်စွဲထားပြီး ၂၀၁၁ ခုနှစ်တွင် တာဝန်မှ ပြီးဆုံးမည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်နစ္စတန် နန်ဂဟာဒေသတွင် ဗုံးခွဲတိုက်ခိုက်ခံရသဖြင့် တိမ်းမှောက်နေသော စစ်ဘက်ဆိုင်ရာယာဉ်တစ်စီးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လယ်ယာစိုက်ပျိုးရေး (ဆည်တမံ) ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု

ဝါးကတုတ်ရေကူးရေလှောင်တမံ

၂၆-၁-၂၀၀၈ ရက်က ဖွင့်လှစ်ခဲ့သော ပဲခူးမြို့နယ် တောင်ဆက်အင်းကျေးရွာအနီးရှိ ဝါးကတုတ် ရေကူးရေလှောင်တမံကို တွေ့ရစဉ်။

တကော ရေထိန်းတံခါး

၂၇-၂-၂၀၀၈ ရက်က ဖွင့်လှစ်ခဲ့သော သုံးခွမြို့နယ်ရှိ တကောရေထိန်းတံခါးကို တွေ့ရစဉ်။

နိုင်ငံတော် အမှတ်စဉ်	ဒေသ အမှတ်စဉ်	ဆည် / တမံ အမည်	တည်နေရာဒေသ	အကျိုးပြု ဧက	ဖွင့်လှစ်သည့်နေ့
၂၀၇	၄၄	ဝါးကတုတ် ရေကူးရေလှောင်တမံ	ပဲခူးတိုင်း၊ ပဲခူး	၁၂၀၀	၂၆-၁-၂၀၀၈
၂၀၈	၁၈	တကော ရေထိန်းတံခါး	ရန်ကုန်တိုင်း၊ သုံးခွ	၁၅၀၀၀	၂၇-၂-၂၀၀၈
၂၀၉	၄၅	ခပေါင်း ရေလှောင်တမံ	ပဲခူးတိုင်း၊ အုတ်တွင်း	၃၆၀၀၀၀	၂၃-၃-၂၀၀၈
၂၁၀	၂၇	တောက်ပြို ရေလှောင်တမံ	နေပြည်တော် ပျဉ်းမနား	၃၀၀	၂၇-၄-၂၀၀၈
၂၁၁	၃	မိုးရင် ရေလှောင်တမံ	ရှမ်းပြည်နယ် (မြောက်ပိုင်း)နမ္မတူ	၂၆၀၀	၃၁-၅-၂၀၀၈
၂၁၂	၄၆	ခပေါင်းရေလွှဲဆည်	ပဲခူးတိုင်း၊ အုတ်တွင်း	၁၀၀၀၀၀	၂၈-၆-၂၀၀၈
၂၁၃	၃၉	မင်းကန် ရေလှောင်တမံ	မကွေးတိုင်း၊ပခုက္ကူခရိုင်၊ မြိုင်	၂၀၀	၃၀-၇-၂၀၀၈
၂၁၄	၅၁	ကျောက်ဆောက် ရေလှောင်တမံ	မကွေးတိုင်း၊ပခုက္ကူခရိုင် မြိုင်	၁၅၀	၂၉-၈-၂၀၀၈
၂၁၅	၄၁	တံခွန် ရေလှောင်တမံ	မကွေးတိုင်း၊ပခုက္ကူခရိုင် ဆိပ်ဖြူ	၁၅၀	၃၀-၉-၂၀၀၈
၂၁၆	၄၂	စဘေ ရေလှောင်တမံ	မကွေးတိုင်း၊ ပခုက္ကူ	၄၀၀	၂၃-၁၀-၂၀၀၈
၂၁၇	၄၃	ချောင်းရေလှောင်တမံ	မကွေးတိုင်း၊ ပခုက္ကူခရိုင် ဆိပ်ဖြူ	၁၅၀	၂၄-၁၂-၂၀၀၈

မိုးရင် ရေလှောင်တမံ

၃၁-၅-၂၀၀၈ ရက်က ဖွင့်လှစ်ခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် မိုးရင်ကျေးရွာအနီးရှိ မိုးရင်ရေလှောင်တမံကို တွေ့ရစဉ်။



(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ် စောင့်ရှောက်ရေး

(ခ) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး

(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသော

အသက်ပေါင်းများစွာပေးပြီးရယူကာကွယ်ခဲ့ရသောလွတ်လပ်ရေး

တူးဖော်ရရှိသော ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ မြန်မာတို့သည် ရှေးနှစ်ပေါင်း ထောင်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံအတွင်း၌ နေထိုင်ခဲ့ကြသည်။ မြန်မာတို့သည် အသိပညာ ယဉ်ကျေးမှုများ ထွန်းကားလာပြီး အေဒီ ၁၀၄၄ ခုနှစ် အနော်ရထာမင်းလက်ထက်တွင် မြန်မာနိုင်ငံတော်ကြီးကို စတင်စုစည်းထူထောင်နိုင်ခဲ့သည်။

နိုင်ငံထူထောင်ပြီး နှစ်ပေါင်း ၈၀၀ ခန့်အကြာ ၁၈၂၄ ခုနှစ်တွင် နယ်ချဲ့တို့သည် မြန်မာ့ပင်လယ်ပြင်ရေပိုင်နက်မှ ဝင်ရောက်ကာ ရန်ကုန်မြို့ကို ကျူးကျော်သိမ်းပိုက်ခဲ့ကြသည်။ နယ်ချဲ့တို့သည် ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီး လွတ်လပ်သော မြန်မာနိုင်ငံအား ကိုလိုနီနိုင်ငံအဖြစ် သွတ်သွင်းကာ လွတ်လပ်သော မြန်မာတို့ကို ကျွန်ပြုခဲ့ကြသည်။ မြန်မာတိုင်းရင်းသားတို့သည် အသက်ပေါင်းများစွာပေးဆပ်ပြီး ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြန်လည်ရယူနိုင်ခဲ့ပါသည်။

လွတ်လပ်ရေးရပြီးသောအခါ နိုင်ငံရေးအယူအဆ ကွဲလွဲမှုများ၊ လူမျိုးရေးအမြင် ကျဉ်းမြောင်းမှုများကြောင့် ပြည်တွင်းလက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ ဖြစ်ခဲ့သည်။ ထိုပြည်တွင်းလက်နက်ကိုင် ဆူပူသောင်းကျန်းမှုများကြောင့် မြန်မာတိုင်းရင်းသား အမြောက်အမြား သေကျေပျက်စီးခဲ့ရသည်။ ရရှိပြီးသော လွတ်လပ်ရေးကြီး ဆုံးရှုံးကာ မြန်မာနိုင်ငံသည် ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ကွယ်သွားနိုင်သည်အထိ ဖြစ်ခဲ့ရသည်။ ပြည်ထောင်စုကြီး မပြိုကွဲစေရန်နှင့် လွတ်လပ်ရေးကြီး မဆုံးရှုံးစေရန် မြန်မာတိုင်းရင်းသားအပေါင်းနှင့် ဖွဲ့စည်းတည်ထောင်ထားသော မြန်မာ့တပ်မတော်သည် ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ခဲ့သည်။ တပ်မတော်သားများနှင့် မြန်မာပြည်သူများသည် မိမိတို့၏ အသက်ခန္ဓာများပေးဆပ်ပြီး လွတ်လပ်ရေးကို ကာကွယ်ခဲ့ကြပါသည်။

မြန်မာပြည်သူနှင့် လင်းတခေါင်းကျိုး ကိုလိုနီလက်သစ်များ

ယခုအခါ နယ်ချဲ့လက်သစ်တို့သည် မိမိတို့ကြိုးဆွဲသည့်အတိုင်း လုပ်ဆောင်ကြမည့် ရုပ်သေးအစိုးရတင်မြှောက်ခြင်းဖြင့် နိုင်ငံနှင့်လူမျိုးကို ခေတ်သစ် ကိုလိုနီကျွန်ပြုရန် အားထုတ်လုပ်ဆောင်လျက်ရှိကြသည်။ နယ်ချဲ့လက်သစ်တို့သည် မီဒီယာလက်နက်ကို အသုံးပြုလာကြသည်။ ၎င်းတို့ထူထောင်ထောက်ပံ့ထားသော ပြည်ပအသံလွှင့်ဌာနများမှနေ၍ အစိုးရနှင့် ပြည်သူကြား၊ ပြည်သူနှင့် တပ်မတော်ကြား၊ ပြည်သူအချင်းချင်းကြား စိတ်ဝမ်းကွဲပြားပြီး ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်စေရန် သွေးထိုးဝါဒဖြန့် လုပ်ဆောင်နေကြပါသည်။ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်ပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား ပြိုလဲသွားပါမှ ၎င်းတို့၏လက်ဝေခံ နောက်မြီးဆွဲများကို ရုပ်သေးအစိုးရ တင်မြှောက်နိုင်ပါမည်။ ရုပ်သေးအစိုးရ တက်လာပါက ထိုရုပ်သေးအစိုးရသည် နယ်ချဲ့လက်သစ် တိုင်းတစ်ပါးတို့၏ အလိုကျ လုပ်ဆောင်ရမည်ဖြစ်သောကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်းဟူသော လွတ်လပ်ရေးကြီးပါ ဆုံးရှုံးသွားပါလိမ့်မည်။

၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့ရေနံဈေးနှုန်း မြင့်မားလာသော အခြေအနေအရ နိုင်ငံတော်က စက်သုံးဆီဈေးနှုန်းတိုးမြှင့်ခဲ့ရသည်ကို အခွင့်ကောင်းယူပြီး နယ်ချဲ့လက်သစ်တို့၏ ပြည်ပအသံလွှင့်ဌာနများနှင့် လက်ဝေခံနောက်မြီးဆွဲတို့သည် နိုင်ငံတော်တွင် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်စေရန် လုပ်ဆောင်ခဲ့ကြသည်။ ဆူပူအကြမ်းဖက်မှုကို လုံးဝမလိုလားတော့သော မြန်မာပြည်သူတို့သည် နယ်ချဲ့လက်သစ်တို့၏ လက်ဝေခံနောက်မြီးဆွဲတို့နှင့် ပူးပေါင်းခြင်းမရှိခဲ့ကြပါ။ ထို့ကြောင့် မြန်မာပြည်သူတို့သည် ဒို့တာဝန်အရေး (၃)ပါးတည်းဟူသော သစ္စာပန်းကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် ခရီးပေါက်မြောက်အောင် လျှောက်လှမ်းခဲ့ကြပါသည်။ ဒို့တာဝန်အရေး(၃)ပါးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်တို့သည်သာ နိုင်ငံနှင့်လူမျိုးကို နယ်ချဲ့လက်သစ်တို့၏ ခေတ်သစ်ကိုလိုနီကျွန်ပြုခြင်းမှ ကင်းဝေး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင် ကြီးအဖြစ်သို့ ပြောင်းလဲရောက်ရှိစေမည်ဆိုသည်ကို မြန်မာ များ ကောင်းစွာ နားလည်သဘောပေါက်ထားပြီး ဖြစ်ပါသည

မြန်မာပြည်သူများက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရ စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခို တည်းဟူသော ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ထ ကြောင့် နယ်ချဲ့လက်သစ်များ၊ ၎င်းတို့၏မီဒီယာများနှင့် လ နောက်မြီးဆွဲတို့၏ နိုင်ငံနှင့်လူမျိုးကို ခေတ်သစ်ကိုလိုနီကျွန်ပြုရ အစည်များသည် အချည်းနှီး ဖြစ်ခဲ့ရသည်။ အချင်းချင်းတို သတ်ပုတ်နေကြသည်ကို မြင်လိုပါလျက်၊ တိုင်းပြည်ဆူပူအုံကြ သွားသည်ကို တွေ့လိုပါလျက် တည်ငြိမ်အေးချမ်းမှုမပျက်ဘဲ ဖွံ့ဖြိုးနေသည်ကို တွေ့ရမြင်ရသောအခါ မှိုင်တွေသွားကြ သစ်ခြောက်ပင်ကြီးပေါ်က လင်းတခေါင်းကျိုးများအဖြစ်သို့ ရောက်ရှိသွားခဲ့ကြပါသည်။

အရှေ့မှနေဝန်းထွက်ခဲ့ပြီ

၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်တို့တွင် နာဂစ်မုန်တိုင်း ခံလိုက်ရသော မြန်မာပြည်သူများကို တွေ့လိုက်ရသေ သစ်ခြောက်ပင်ကြီးပေါ်တွင် မှိုင်တွေနေကြသော လင်းတခေါင်း ခေါင်းထောင်လာကြပြီး တောင်ပံတဖျပ်ဖျပ် ရိုက်ခတ်လာပြ လက်ဝေခံနောက်မြီးဆွဲတို့သည် နာဂစ်ဒဏ်ခံလိုက်ရသော ပြည်သူများကို ကူညီသယောင်ယောင်နှင့် အစိုးရနှင့်ပြည် သွေးကွဲအောင် ပြောဆိုလာခဲ့ကြသည်။ နာဂစ်မုန်တိုင်းကို အ ပြုပြီး နိုင်ငံတော်တွင် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာ အကြံပက်စက်စွာ လုပ်ဆောင်ခဲ့ကြသည်။

နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း သိုလှောင်စပါးများ ပျက်စီးကုန်ပြီ။ လယ်ယာမြေများ ဆာ ဝင်ရောက်ပျက်စီးကုန်ပြီ။ ထို့ကြောင့် မြန်မာနိုင်ငံတွင် မကြာမီ ဘေး ဆိုက်တော့မည်၊ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်တေ တိုင်းပြည်ပျက်တော့မည် စသည်ဖြင့် ပြည်ပအသံလွှင့်ဌာန လက်ဝေခံနောက်မြီးဆွဲတို့က ယုတ်မာပက်စက်စွာ လုပ်ကြံပြော ကြသည်။ သူတို့သည် တပ်မတော်အစိုးရလက်ထက်တွင် တည် ပြီးစီးခဲ့သော ဆည်၊ မြောင်း၊ တာတမံများကို မမြင်ချင်ယောင်ဆေ ကြသည်။ မြန်မာနိုင်ငံတွင်သာမက ဒေသအတွင်းတွင်ပင် ကြီးမာ ဆည်ကြီးတစ်ဆည်ဖြစ်သည့် မိုင် ၃၀ ရှည်လျားသော သဖ ဆည်ကြီးကို မေ့လျော့ချင်ယောင်ဆောင်ခဲ့ကြသည်။ သဖန်းဆိ ကြီးနှင့် အခြားဆည်မြောင်းတာတမံများကြောင့် မြန်မာနိုင်ငံ၏ စပါးကျီ ဖြစ်လာသော စစ်ကိုင်းတိုင်းကြီးကို မသိကျိုးကျွန်ပြုခဲ့ကြ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ စွမ်းအား စွမ်းပ နှင့် ညီညွတ်မှုတို့ကို မထိမဲ့မြင် ပြုခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ်က စပါးတင်းသန်း ၆၁၀ ရာမှ တည်ဆောက်ပြီးစီးခဲ့သော ဆည်၊ မြောင်း၊ တာတမံများ ယခုအခါ စပါးတင်းသန်း ၁၅၀၀ ထွက်ရှိနေပါပြီ။ နာဂစ်မုန်တိုင်း သိုလှောင်စပါးအချို့ ပျက်စီးသွားသည့်တိုင် မြန်မာပြည်သူတို့အတွ ရေ၊ စပါး ဖူလုံပိုလျှံနေပါသည်။ စပါးသစ်များ ထွက်ရှိလာသော် သိုလှောင်စပါးဟောင်းများက မကုန်သေးပါ။ နာဂစ်မုန်တိုင်း မြန်မာပြည်သူများ ထမင်းငတ်တော့မည်၊ တိုင်းပြည်ပျက်တော့ ပြည်ပအသံလွှင့်ဌာနများနှင့် လက်ဝေခံနောက်မြီးဆွ ပြောဆိုမှုများသည် နိုင်ငံတော်ကို ချောက်ထဲမရောက်ရောက် တွန်းပို့သော လုပ်ကြံဖန်တီး ပြောဆိုမှုများဖြစ်ကြောင်း အ သောအခါ ဘွားဘွားကြီး ပေါ်ခဲ့ရတော့သည်။

နိုင်ငံတော်အစိုးရသည် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများကို ရင်ဝယ်သားပမာ စောင့်ရှောက်ခဲ့ပါသည်။ နိုင် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော် ဒုတိယအကြ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့သည် နာဂစ်မုန်တိုင်းဒဏ်ခံ ဒေသများသို့ သွားရောက်ကာ လက်ငင်းလိုအပ်ချက်များကို အမြန် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။ ထိုဒေသ၏

…သူတိုင်း လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်နေကြသည်

…ခြင်းမှ ကင်းဝေးစေကာ
…ည့် ဒီမိုကရေစီနိုင်ငံတော်
…ိုသည်ကို မြန်မာပြည်သူ
…ားပြီး ဖြစ်ပါသည်။
…ပြိုကွဲရေး၊ တိုင်းရင်းသား
…အာဏာ တည်တံ့ခိုင်မြဲရေး
… ဦးထိပ်ပန်ဆင်ထားခြင်း
…ဒီယာများနှင့် လက်ဝေခံ
…စ်ကိုလိုနီကျွန်ပြုရန် အကြံ
…။ အချင်းချင်းတိုက်ခိုက်
…ိုင်းပြည်ဆူပူအုံကြွ ပြိုကွဲ
…းချမ်းမှုမပျက်ဘဲ တိုးတက်
… မှိုင်တွေသွားကြသော
…ျိုးများအဖြစ်သို့ ၎င်းတို့

…ပြီ

…တို့တွင် နာဂစ်မုန်တိုင်းဒဏ်
… တွေ့လိုက်ရသောအခါ
…သာ လင်းတခေါင်းကျိုးများ
… ရိုက်ခတ်လာပြန်သည်။
…က်ခံလိုက်ရသော မြန်မာ
… အစိုးရနှင့်ပြည်သူကြား
…စ်မုန်တိုင်းကို အကြောင်း
…မှုများ ဖြစ်ပေါ်လာစေရန်

…င်း၊ ရန်ကုန်တိုင်းတို့တွင်
…သာမြေများ ဆားငန်ရေ
…နိုင်ငံတွင် မကြာမီ အငတ်
…မှုများ ဖြစ်ပေါ်တော့မည်၊
…ည်ပအသံလွှင့်ဌာနများနှင့်
…က်စွာ လုပ်ကြံပြောဆိုလာ
…က်ထက်တွင် တည်ဆောက်
… မမြင်ချင်ယောင်ဆောင်ခဲ့
…တွင်းတွင်ပင် ကြီးမားသော
…ပ်လျှားသော သဖန်းဆိပ်
…ကြသည်။ သဖန်းဆိပ်ဆည်
…ာင့် မြန်မာနိုင်ငံ၏ ဒုတိယ
…သိကျိုးကျွန်ပြုခဲ့ကြသည်။
…၏ စွမ်းအား စွမ်းပကားများ
…ည်။

…တင်းသန်း ၆၃၀ ထွက်ရှိခဲ့
…ာင်း၊ တာတမံများကြောင့်
…ပြီ။ နာဂစ်မုန်တိုင်းကြောင့်
…မာပြည်သူတို့အတွက် ဆန်၊
…း ထွက်ရှိလာသော် လည်း
…ါ။ နာဂစ်မုန်တိုင်း ကြောင့်
…င်းပြည်ပျက်တော့ မည်ဟု
…ဝေခံနောက်မြီးဆွဲ တို့၏
…ထဲမရောက်ရောက်အောင်
…ဖြစ်ကြောင်း အချိန်တန်
…ိ။

…င်းဒဏ်ခံခဲ့ရသော မြန်မာ
…က်ခဲ့ပါသည်။ နိုင်ငံတော်
…တော် ဒုတိယအကြီးအကဲ
…ဂစ်မုန်တိုင်းဒဏ်ခံရသော
…အပ်ချက်များကို အလျင်
…။ ထိုဒေသ၏ အဓိက

(၆၁) နှစ်မြောက်လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြုဆောင်းပါး

စီးပွားရေးလုပ်ငန်းကြီးသုံးခုဖြစ်သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ဆားလုပ်ငန်းများကို ပြန်လည်ထူထောင်ပေးရန် လမ်းညွှန်မှု ပေးခဲ့ပါသည်။ အိမ်ရာသစ်များ ဆောက်လုပ်ပေးရန် လမ်းညွှန်ခဲ့ပါသည်။ နောင်အခါ ဤသို့ဘေးအန္တရာယ် ကျရောက်လာပါက လုံခြုံဘေးကင်းမှုရှိစေရန် လိုအပ်သော ရေရှည်သဘာဝဘေး ကာကွယ်ရေးလုပ်ငန်းများကို ချမှတ်လမ်းညွှန်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရသည် စပါးစိုက်ပျိုးသော တောင်သူများကို စိုက်ပျိုးစရိတ်၊ မျိုးစပါး၊ လယ်ထွန်စက်၊ ကျွဲ၊ နွား၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာများကို အလုံအလောက် ထုတ်ပေးခဲ့သည်။ ငါးဖမ်းလှေ အစင်း ၉၆၂၀ တည်ဆောက်ကာ မြစ်တွင်းငါးဖမ်းသမားများကို ထုတ်ပေးခဲ့သည်။ အင်ဂျင်စက်နှင့် ငါးဖမ်းပိုက်များကိုလည်း ထုတ်ပေးခဲ့သည်။ ပင်လယ်ငါးဖမ်းသမားများကို ချေးငွေများ ထုတ်ချေးခဲ့သည်။ ဆား တောင်သူများကို ဆား လယ်တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်း ထုတ်ချေးခဲ့သည်။ ထိုချေးငွေပမာဏသည် နာဂစ်ကြောင့် ပျက်စီးသွားသော ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ရန် ရာနှုန်းပြည့်လုံလောက်ကြောင်းကို မွန်ပြည်နယ်တွင် ကိုယ်တိုင်ဆားထုတ်လုပ်နေသော ကျွန်တော့်အနေဖြင့် ကောင်းစွာ သိရှိပါသည်။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ စွမ်းအားစွမ်းပကားများနှင့် ညီညွတ်မှုတို့ကြောင့် နာဂစ်မုန်တိုင်းဒဏ်ကို ဆိုးဆိုးရွားရွားခံခဲ့ရသော ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတို့မှ ပြည်သူတို့၏ဘဝများသည် မှောင်မိုက်မဲသော လမိုက်ရက် သန်းခေါင်ယံကို ကျော်လွန်ခဲ့ပြီး အရှေ့မှ နေဝန်းထွက်ခဲ့ပါပြီ။ နာဂစ်မုန်တိုင်းကို အကြောင်းပြုပြီး အချင်းချင်း စိတ်ဝမ်းကွဲကာ နိုင်ငံတော်ကြီး ပြိုလဲပျက်စီးစေရန် ကြံစည်လုပ်ဆောင်ခဲ့ကြသော ပြည်ပအသံလွှင့်ဌာနများနှင့် လက်ဝေခံနောက်မြီးဆွဲတို့၏ ညဥ့်နက်သန်းခေါင် ငှက်ဆိုးထိုးသံတို့သည် အရှေ့ဘက်မှထွက်ပေါ်လာသော နေဝန်းကြီးအောက်တွင် တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ပါပြီ။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပင်လယ်ရေပြင်ပမာ စုစည်းညီညွတ်မှုနှင့် ကြီးမားသောစွမ်းအား စွမ်းပကားတို့ကြောင့် နာဂစ်မုန်တိုင်းကို အကြောင်းပြုပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်းဟူသော လွတ်လပ်ရေးကိုထိပါးအောင် ကြံစည်လုပ်ဆောင်ခဲ့ကြသည့် ထိုသူတို့၏ပက်စက်သော အကြံအစည်နှင့် လုပ်ရပ်တို့သည် ရေပေါ်အရုပ်ရေးသလို အရာမထင် ဖြစ်ခဲ့ရတော့သည်။

မေတ္တာနှင့် ဒီမိုကရေစီ

မြန်မာနိုင်ငံသည် မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာ၊ မုဒိတာဟူသော ဗြဟ္မစိုရ်တရားလေးပါး ထွန်းကားသောနိုင်ငံ ဖြစ်သည်။ မြန်မာ အများစုသည် မေတ္တာတရားထက်သန်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ ဖြစ်ကြသည်။ ထို့ကြောင့် မြန်မာတို့သည် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ခဲ့ကြသည်။ အကျိုးတူပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။ အမျိုးသားနိုင်ငံရေးသမား အမြော်အမြင်ရှိသူများက လက်ဝေခံနောက်မြီးဆွဲတို့ကို မြန်မာအချင်းချင်း တိုက်ခိုက်ကြသည့် ဆူပူအကြမ်းဖက်မှုများ မလုပ်ဆောင်ကြရန်၊ ထိုသို့ဖြစ်ပေါ်အောင် အားပေးလှုံ့ဆော်ခြင်း မပြုကြရန်၊ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရန်တို့ကို မိဘနှင့်သားသမီးပမာ၊ ညီရင်းအစ်ကို မောင်ရင်းနှမပမာ မေတ္တာထားပြီး အကြိမ်ကြိမ်နားချ ပြောဆိုဆွေးနွေး ရေးသားခဲ့ကြပါသည်။ နိုင်ငံနှင့်လူမျိုးအကျိုးအတွက် မည်သို့ပင်မေတ္တာဖြင့် ပြောဆိုဆွေးနွေး ရေးသားစေကာမူ သူတို့သည် နိုင်ငံအတွင်း၌ ဆူပူအကြမ်းဖက်မှုများဖြစ်ပွားစေရန်၊ မြန်မာအချင်းချင်း တိုက်ခိုက်ကြစေရန် ရန်လိုမုန်းတီးမှုများဖြင့် လုပ်ဆောင်နေဆဲဖြစ်သည်။

မေတ္တာသည် ဒီမိုကရေစီထက် မြင့်မြတ်သည်။ မေတ္တာသည် ဒီမိုကရေစီထက် အေးချမ်းသာယာမှုကို ပေးစွမ်းနိုင်သည်။ နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေးအင်အားစုများ အချင်းချင်း၊ နိုင်ငံသားများ အချင်းချင်းရန်လိုမုန်းတီးပြီး မေတ္တာပျက်ယွင်းနေကြပါက ဒီမိုကရေစီသည် ထိုနိုင်ငံတွင် ရှင်သန်ကြီးထွားနိုင်မည်မဟုတ်။

ငါးမင်းဆွေ

နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့ တစ်ဦးပေါ်တစ်ဦး မေတ္တာထားကြပါမှ ဒီမိုကရေစီသည် ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်း၌ ဖြစ်ထွန်းရှင်သန်နိုင်မည်ဆိုသည်တို့ကို သူတို့နားလည် သဘောမပေါက်ကြ။ ဒီမိုကရေစီပျိုးပင်သည် မေတ္တာရေစင် ပက်ဖျန်း ပါမှ လန်းဆန်းရှင်သန် ကြီးထွားနိုင်မည်ဆိုသည်ကို သူတို့ နားလည် သဘောမပေါက်ကြ။ သူတို့သည် ဒီမိုကရေစီပျိုးပင်ကို ရန်လိုမုန်းတီးမှု ဟူသော အက်စစ်ရည်ပက်ဖျန်းခြင်းဖြင့် ရှင်သန်ကြီးထွားလာလိမ့်မည်ဟု မိုက်မဲစွာ ယုံမှတ်မှားခဲ့ကြသည်။ သူတို့သည် ဒီမိုကရေစီရေးကို အကြောင်းပြကာ နိုင်ငံတွင်း၌ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်စေရန် မြန်မာအချင်းချင်း တိုက်ခိုက်ကြစေရန် လုပ်ဆောင်နေကြသည်။ ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်ပြီး မြန်မာအချင်းချင်း တိုက်ခိုက်ကြပါက မြန်မာတိုင်းရင်းသားများ သေကျေပျက်စီးကာ ပြည်ထောင်စုကြီး ပြိုကွဲပြီး နောက်ဆုံးတွင် လွတ်လပ်ရေးကြီးပါ ဆုံးရှုံးသွားမည်ကို သူတို့ လုံးဝအလေးမထားခဲ့ကြပါ။

နိုင်ငံတော်၏ကျေးဇူးသစ္စာ

ကျွန်တော်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ မွေးဖွားခဲ့ကြသည်။ ကျွန်တော်တို့သည် ဤနိုင်ငံတော်ကြီးမှထွက်ရှိသော စားနပ်ရိက္ခာများကို စားသုံးပြီး ရှင်သန်ကြီးပြင်းလာကြသည်။ ဤနိုင်ငံတော်ကြီးက ကျွန်တော်တို့အား ပညာသင်ကြားပေးခဲ့သည်။ ကျန်းမာရေး စောင့်ရှောက်မှု ပေးခဲ့သည်။ ဤနိုင်ငံတော်ကြီး၏ ရေမြေသယံဇာတတို့ကို အသုံးပြုပြီး ကျွန်တော်တို့ လုပ်ကိုင်စားသောက်နေကြသည်။ ဤနိုင်ငံတော်ကြီးက ကျွန်တော်တို့၏ အသက်အိုးအိမ် လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ပေးနေသည်။ သဘာဝဘေးအန္တရာယ်များနှင့် ကျွန်တော်တို့ ကြုံတွေ့ကြရသောအခါ ဤနိုင်ငံတော်ကြီးကပင် ကျွန်တော်တို့ကို ကယ်တင်ကူညီ စောင့်ရှောက်ခဲ့သည်။ ကျွန်တော်တို့ ကွယ်လွန်ပြီးသည့်တိုင် ကျွန်တော်တို့၏ သွေးသားမျိုးဆက်တို့သည် ဤနိုင်ငံတော်ကြီးတွင် မှီတင်းနေထိုင် လုပ်ကိုင်စားသောက်ကြရဦးမည် ဖြစ်သည်။ သို့ပါ၍ ကျွန်တော်တို့ မြန်မာတိုင်းရင်းသားများအပေါ် ဤနိုင်ငံတော်ကြီး၏ ကျေးဇူးသစ္စာသည် ကြီးမားလှပါသည်။

လွတ်လပ်ရေးကိုကာကွယ်နေကြသည်

နိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်တို့ကို ကျူးကျော်ထိပါးခြင်း၊ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး မိမိတို့၏လက်ဝေခံ နောက်မြီးဆွဲများကို ရုပ်သေးအစိုးရတင်ရန် အားထုတ်ကြိုးပမ်းခြင်း၊ ထိုသို့အားထုတ်ကြိုးပမ်းခြင်းကို ကူညီအားပေးခြင်း၊ အစိုးရနှင့်ပြည်သူကြား၊ ပြည်သူနှင့်တပ်မတော်ကြား၊ ပြည်သူအချင်းချင်းကြား စိတ်ဝမ်းကွဲစေရန် သွေးထိုးလှုံ့ဆော်ခြင်းဖြင့် ပြည်ထောင်စုကြီး ပြိုကွဲအောင် သပ်လျှိုလုပ်ဆောင်ခြင်း၊ မြန်မာတိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲစေရန် သွေးထိုးလှုံ့ဆော်ခြင်း၊ လူမျိုးရေးအမြင် ကျဉ်းမြောင်းမုန်းတီးမှုများဖြင့် မြန်မာတိုင်းရင်းသား အချင်းချင်း ရက်စက်ယုတ်မာစွာ အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်ခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပျက်ပြားအောင် မီးမွှေး လုပ်ဆောင်ခြင်း စသည့်လုပ်ရပ်တို့သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်းဟူသော လွတ်လပ်ရေးကို ထိပါးစေသော လုပ်ရပ်များ ဖြစ်ပါသည်။

နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော မြန်မာတိုင်းရင်းသားတို့သည် လွတ်လပ်ရေးကို ထိပါးနှောင့်ယှက်လာသော လုပ်ရပ်မှန်သမျှကို တွန်းလှန်ဖယ်ရှားကာ လွတ်လပ်ရေးကို ကာကွယ်လျက်ရှိကြပါသည်။ လိုအပ်ပါက မိမိတို့၏ အသက်ခန္ဓာများ ပေးဆပ်ကာ လွတ်လပ်ရေးကို ကာကွယ်သွားကြမည်ဖြစ်ပါကြောင်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော မြန်မာတိုင်းရင်းသား အပေါင်းတို့ကိုယ်စား လေးနက်တည်ကြည်စွာ ရေးသားတင်ပြအပ်ပါသည်။ ။

သာကီမျိုးတို့ မြန်မာပြည်

❑ ငါတို့မွေးသည်၊ မြန်မာပြည်တည့်
ဘီဘင်ဘိုးဘေး၊ အသက်သွေးတို့
စတေးပေးအပ်၊ စွန့်လှူလတ်လျက်
ခိုင်မတ်ခွန့်ရှည်၊ ကမ္ဘာတည်အောင်
သာကီမင်းမျိုး၊ မော်ကွန်းထိုးခဲ့
အမျိုးဘာသာ၊ သာသနာနှင့်
ရိုးရာထုံးစံ၊ အမွေမှန်ကာ
မာန် ဇွဲ သတ္တိ၊ ကမ္ဘာသိလျက်
သိတိုင်းလေးစား၊ လွန်ခန့်ညားအောင်
တရားလည်းဖက်၊ ဓားလည်းထက်သည့်
မင်းဆက်နိုင်ငံ၊ အောင်မြေမှန်ဝယ်
ရှင်သန်ဖွားသစ်၊ လူလာဖြစ်ခဲ့
လူဖြစ်ကျိုးနပ်၊ ဂုဏ်ယူတတ်သည်
မြင့်မြတ်ငါတို့ သခင်မျိုး။

❑ ငါတို့နေသည်၊ မြန်မာပြည်တည့်
ဆည်ချောင်းမြစ်ဝှမ်း၊ ပင်လယ်ကမ်းနှင့်
စိမ်းစမ်းသာခေါင်၊ တောညို့မှောင်ကာ
တောင်ပေါ်မြေပြန့်၊ ရေမြေသန့်လျက်
လွင့်ပျံ့စုန်ဆန်၊ ဆည်းလည်းသံနှင့်
ကျောင်းကန်ဘုရား၊ များမှများ၏
ဖွံ့ထွားသီးနှံ၊ ဖြိုးမောက်လျှံကာ
ဆန်ရေစပါး၊ စည်ပင်ပွားလျက်
ပတ္တမြား ကျောက်သံ၊ ကျွန်း ရေနံနှင့်
သယံဇာတ၊ ပေါကြွယ်လှသည့်
နဂ္ဂဖိုးတန်၊ ဤရပ်ဌာန်ဝယ်
ရှင်သန်ခဲ့ပေ၊ ဒို့တစ်တွေလျှင်
ဤရွှေတိုင်းပြည်၊ ကွန်းခိုမှီကာ
မြေဆီကိုစား၊ သန်ထွားခဲ့ပြီ
လေပြည်ကိုရှိုက်၊ ပျော်ပိုက်ခဲ့ပြီ
ရေကြည်ကိုသောက်၊ စွမ်းမြောက်ခဲ့ပြီ
နေခြည်ကိုလှုံ၊ လုံခြုံခဲ့ပြီ
မြန်ပြည်သားစစ်၊ ဒို့ပြည်သစ်ကို
ချစ်စိတ်ဆတိုး မြတ်တနိုး။

❑ ငါတို့သေမည်၊ မြန်မာပြည်တည့်
ညီနောင်သွေးချင်း၊ ညီညွတ်ခြင်းဖြင့်
ရိုင်းပင်းအားပြု၊ ပြည်ထောင်စုအား
တုန့်နှိုင်းမဲ့ကင်း၊ မြတ်နိုးခြင်းနှင့်
သင်းပျံ့ထုံမွှမ်း၊ လွတ်လပ်ပန်းအား
လန်းဆန်းနေရေး၊ မျိုးချစ်သွေးဖြင့်
ဒို့မွေးရာမြေ၊ ကျွေးရာမြေနှင့်
ဒို့နေရာတိုင်း၊ ဒို့သမိုင်းကို
မရိုင်းရအောင်၊ ဒို့ကြံဆောင်အံ့
ထူထောင်ဖွံ့ဖြိုး၊ စီးပွားတိုးလျက်
ဖြန့်မိုးရောင်ဝါ၊ သာသနာနှင့်
ရိုးရာအနု၊ ယဉ်ကျေးမှုတို့
ထုထည်ခံ့ခိုင်၊ မယိမ်းယိုင်အောင်
နိုင်ငံ့မျက်နှာ၊ ကြည့်ကြပါအံ့
ကာကွယ်စောင့်ကြပ်၊ မားမားရပ်ကာ
ဒို့သတ္တိသွေး၊ နီစွေးစွေးဖြင့်
ကျေးဇူးဆပ်လျက်၊ ဒို့အသက်ကို
နှင်းဆက်မသွေ၊ ဆယ်ပြန်သေမည်
ဒို့ရေ ဒို့မြေ ဒို့လူမျိုး။
သာကီမျိုးဟေ့ မော်ကွန်းထိုး။

(၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက် -

ဇော်မင်းမင်းဦး

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့ရေး စီမံကိန်း လုပ်ငန်းခွင်အတွင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

လေကြောင်းပညာသိပ္ပံကျောင်း အဆင့်မြှင့်တင်ရေးနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၃၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၉ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေကြောင်းပညာသိပ္ပံကျောင်း ဧည့်ခန်းမသို့ ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လေကြောင်းပညာသိပ္ပံ ကျောင်း ဖြစ်ပေါ်လာပုံ နောက်ခံသမိုင်းနှင့် ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည့် မြို့ပြလေကြောင်းဆိုင်ရာ သင်တန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လေကြောင်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဦးခင်မောင်ဦးက လေကြောင်းပညာသိပ္ပံကျောင်း၌ နှစ်စဉ်ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည့် သင်တန်းများ၊ သင်ကြားပို့ချ ပေးလျက်ရှိသည့် နည်းပြများ၊ သင်တန်းအလိုက် တက်ရောက်ခဲ့သည့် သင်တန်းသားဦးရေ၊ လေကြောင်းပညာ သိပ္ပံကျောင်း အဆင့်မြှင့်တင်ဆောင်ရွက်ရေး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ဝန်ကြီးက သင်ကြားပေးမည့် ဆရာ၊ ဆရာမများ အရည်အချင်း ပြည့်မီစေရေးနှင့် နိုင်ငံတကာအဆင့်မီသင်တန်း ဖြစ်အောင် ဖွင့်လှစ်မည့်သင်တန်းများ အတွက် စီမံချက်ရေးဆွဲပြီး စနစ်တကျ ဆောင်ရွက်သွားရေးတို့ကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး စာသင်ဆောင်များနှင့် စာသင်ခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် တိုးချဲ့ရေးစီမံကိန်းရုံးသို့ ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း လေယာဉ်ကွင်း အထူးစီမံကိန်းအဖွဲ့ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်လှိုင်က ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ် တိုးချဲ့လေယာဉ်ပြေးလမ်းအပိုင်းတွင် မြေသားလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုးရာသီ ရေတိုက်စားခဲ့သည့် မြေသားနေရာများတွင် အစားထိုး ပြုပြင်ဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက မြေသားဖို့ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီး များဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့် ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက် နတ်သြဇာမြေသြဇာ ဖြန့်ဖြူးရေးလုပ်ငန်း၏ ကုန်ပစ္စည်းသစ် ဈေးကွက်မိတ်ဆက်ခြင်းနှင့် ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားတွင် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

နတ်သြဇာရွက်ဖျန်းမြေသြဇာ ကုန်ပစ္စည်းသစ်မိတ်ဆက်ခြင်းနှင့် အရောင်းကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

အမျိုးသား ကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက် နတ်သြဇာ မြေသြဇာဖြန့်ဖြူးရေး လုပ်ငန်းက ကြီးမှူးကျင်းပသော ကုန်ပစ္စည်းသစ် ဈေးကွက်မိတ်ဆက်ခြင်းနှင့် ကိုယ်စား လှယ်များ တွေ့ဆုံဆွေးနွေးပွဲ အခမ်း အနားကို ဒီဇင်ဘာ ၃၀ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ အမျိုးသားကြီးပွား တိုးတက်ရေး ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး စိုက်ပျိုးရေးပညာရှင် များက ကုမ္ပဏီမှထုတ်လုပ်သော ရွက်ဖျန်းမြေသြဇာ ကုန်ပစ္စည်းသစ် ဆိုင်ရာ အချက်အလက်များနှင့် သဘာဝမြေသြဇာများ အကျိုးအာနိ သင် ပိုမိုကောင်းမွန်ကြောင်း သိကောင်းစရာများကို ရှင်းလင်းပြော ကြားကြသည်။

ဆက်လက်၍ နတ်သြဇာမြေသြဇာ ထုတ်လုပ်မှု ဗီဒီယိုမှတ်တမ်း ပြသပြီး ကုမ္ပဏီ၏ အရောင်းမူဝါဒနှင့် သီးနှံ များ ပြန်လည်ဝယ်ယူမည့် အစီအစဉ် များကို ရှင်းလင်းပြောကြားကာ တက် ရောက်လာကြသော အရောင်းကိုယ် စားလှယ်များ၏ မေးမြန်းချက်များကို ဖြေကြားသည်။

နတ်သြဇာ ရွက်ဖျန်းနှင့် သဘာဝ မြေသြဇာများနှင့်ပတ်သက်၍ အသေး စိတ်သိရှိလိုပါက အမျိုးသားကြီးပွား တိုးတက်ရေးကုမ္ပဏီလီမိတက် အမှတ် (၂၂၄) ဦးဝိစာရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၄၅၆၇၊ ၀၉ ၈၅၅၃၄၉၈၊ ၀၁-၆၈၆၃၃၁ ဖက်စ်-၀၁ ၃၇၅၄၁၃၊ Email-nppc@myanmar.com.mm သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရ သည်။ (သတင်းစဉ်)

အမရပူရခေတ်လက်ရာ ရှေးဟောင်းပစ္စည်းများ အပ်နှံ

နေပြည်တော် ဒီဇင်ဘာ ၃၁

မန္တလေးတိုင်း အမရပူရမြို့နယ် လိပ်ဆံခွန်ကျေးရွာအုပ်စု သပြေကုန်း ကျေးရွာနေ ဦးသွင်သည် နိုဝင်ဘာ ၄ ရက်တွင် အိမ်ဝင်းအတွင်း ကျင်း တူးရာမှ မြေအနက် ငါးပေကျော်၌ ရွှေအုန်းဆံကြိုး(ချိတ်)အပါ အလေး ချိန် သုံးကျပ်သား လေးပဲ နှစ်ရွေးခွဲ တစ်ကုံး၊ ငါးပဲခြောက်ရွေးခွဲနှင့် ငါးပဲ ရွေးဝက်ပါ ရွှေနားကွင်း နှစ်ကွင်း တစ်ရန်၊ ရွှေအခြမ်းအစ လေးရွေးခွဲ နှစ်ခု စုစုပေါင်းရွှေအလေးချိန် သုံး ကျပ်သား ၁၅ ပဲနှင့် ခြောက်ရွေးခွဲ၊ အချင်း ၅ ဒသမ ၅ လက်မနှင့် ၅ ဒသမ ၇ လက်မရှိ ကြေးဖလား နှစ် လုံး၊ အချင်း ၄ ဒသမ ၁ လက်မရှိ ကြေးဖလားပဲ့ နှစ်လုံးတို့ကို တွေ့ရှိရ သဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမှတစ်ဆင့် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ လာရောက် အပ်နှံခဲ့သည်။

ယင်းပစ္စည်းများမှာ အမရပူရ ခေတ်လက်ရာ ရှေးဟောင်းရွှေထည်၊ ကြေးထည်ပစ္စည်းဖြစ်ပြီး ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ပစ္စည်း အပ်နှံသူ ဦးသွင်အား ပစ္စည်း၏ မူလ တန်ဖိုးအပေါ်တွင် ခေတ်ကာလ ရှေးကျမှုနှင့် လက်ရာကောင်းမွန်မှု၊ ရှားပါးမှုတန်ဖိုးများ ထပ်ဆောင်းကာ ဆုချီးမြှင့်နိုင်ရန် စီစဉ်ဆောင်ရွက် လျက်ရှိသည်။

ယခုကဲ့သို့ ရှေးဟောင်းပစ္စည်းများ အား ရှေးဟောင်းသုတေသန၊ အမျိုး သားပြတိုက်နှင့် စာကြည့်တိုက်ဦးစီး ဌာနက ရှေးဟောင်းဝတ္ထုပစ္စည်း ဥပဒေများဖြင့် ကာကွယ်စောင့် ရှောက် ထိန်းသိမ်းလျက်ရှိသည့်အပြင် အနယ်နယ်အရပ်ရပ်မှ နည်းအမျိုးမျိုး ဖြင့်တွေ့ရှိ၍ နိုင်ငံတော်သို့အပ်နှံသော ရှေးဟောင်းပစ္စည်းများအား ဆုချီးမြှင့် ကာ သိမ်းဆည်းစုဆောင်းသော နည်း ဖြင့်လည်း ကာကွယ်ထိန်းသိမ်းလျက် ရှိသည်။

ယင်းသို့ ဆုချီးမြှင့်ရာတွင်လည်း ပစ္စည်း၏ မူလတန်ဖိုးသာမက ခေတ်ကာလ ရှေးကျခြင်း၊ ပစ္စည်း၏ လက်ရာကောင်းမွန်ခြင်း၊ ရှားပါး ပစ္စည်းဖြစ်ခြင်း စသည့် ရှေးဟောင်း သုတေသနဆိုင်ရာ တန်ဖိုးများ ထည့် သွင်းပေါင်းစပ်၍ ဆုများချီးမြှင့်ပေးကာ ရှေးဟောင်းပစ္စည်းများကို ကာကွယ် ထိန်းသိမ်းလျက်ရှိကြောင်း သတင်းရရှိ သည်။ **(အောက်ဝဲပုံ)** (သတင်းစဉ်)

အဝေးသင်တက္ကသိုလ်(ရန်ကုန်) ဥပဒေကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၃၁

အဝေးသင်တက္ကသိုလ် (ရန်ကုန်)၏ ၁၉၉၃-၁၉၉၄ မှ ၁၉၉၉-၂၀၀၀ ပညာသင်နှစ် ဥပဒေကျောင်းသား၊ ကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပမည် ဖြစ်ပါ၍ ဦးနိုင်ဝင်း (ထုတ်ဝေရေး ဌာန-အဝေးသင်တက္ကသိုလ်ဖုန်း-၀၁-၅၄၇၄၁၁ Ex-39)၊ ဦးအောင်မျိုး ဖုန်း-၀၉၈၀၃၄၄၂၅၊ ဦးကျော်ဇာနည် ဦး ဖုန်း-၀၉၅၁၆၇၃၄၂၊ ဦးအေး မောင် ဖုန်း-၀၉၈၀၃၂၃၄၄၊ ဦးဇော် ဝင်းနိုင် ဖုန်း-၀၉၂၀၁၆၉၉၈၊ ၀၁ ၃၉၁၃၃၂၊ ဦးဥက္ကာမောင် ဖုန်း-၀၂ ၆၀၀၃၇၊ ဦးအောင်မိုး ဖုန်း-၀၉၅၀၃ ၄၅၇၉၊ ဦးစိုးခွန်ဖြူ ဖုန်း-၀၁ ၇၀၃၂၇၈၊ ဦးထွန်းအောင် ဖုန်း-၀၁၅၅၁၇၀၈၊ဒေါ်ဘေဘီသိန်း ဖုန်း-၀၉ ၉၉၂၁၁၃၃၊ ဒေါ်နီလာအေး ဖုန်း-၀၉၅၁၂၁၂၃၅၊ဒေါ်မေရည်စိုးဦး ဖုန်း-၀၉၅၀၅၇၇၁၄၊ ဒေါ်လေး လေးဝါ ဖုန်း-၀၉၅၀၆၆၃၇၅ တို့သို့ ဆက်သွယ်ပြီး အလှူငွေများ ထည့်ဝင် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၁-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၅း၁၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ **ကာတွန်းအစီအစဉ် -လူစွမ်းကောင်းလေးလူဆာ**
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြီးမြတ်သူတို့နှလုံးသား (အပိုင်း-၇)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ အနုပညာရှင်၏ တစ်နေ့တာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ငါးကလေး (အပိုင်း -၂၂)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ အချိန်မီလှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရွှေတိဂုံပုံစံတူ ဉာဏ်တော် ၃၂၅ပေရှိ **“ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး”**အား နေပြည်တော်၌ မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပေါင်းပွဲတော်အမီ ပြီးစီးအောင် တည်ထားပူဇော်လျက်ရှိပါသည်။

ရဟန်းရှင်လူပြည်သူများကလည်း စေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အားတက်သရော ပါဝင်လှူဒါန်း ပူဇော်လျက်ရှိကြပါသည်။

ရွှေသင်္ကန်းကပ်လှူရန် ရွှေပြားလှူဒါန်းမှုနှင့်စပ်လျဉ်း၍ ၂၀၀၉ခုနှစ် ဇန်နဝါရီလ မကုန်မီအတွင်း ထည့်ဝင်လှူဒါန်းသူများအား ရွှေစင်ရွှေပြားပေါ်တွင် သက်ဆိုင်ရာ အလှူရှင်အမည်ကို ကမ္ပည်းရေးထိုး၍ ဖေဖော်ဝါရီလအပြီး ကပ်လှူပူဇော်ပေးသွားမည် ဖြစ်ပါကြောင်း စေတနာရှင် ရဟန်းရှင်လူ ပြည်သူအပေါင်းအား အသိပေးနှိုးဆော် အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ငွေဆောင်ကမ်းခြေ ဒုံးယိမ်းပြိုင်ပွဲနှင့် အကပဒေသာပွဲများ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့)တွင် ငွေဆောင်ကမ်းခြေခရီးသွားလုပ်ငန်း မြှင့်တင်သည့်အနေဖြင့် ကမ်းခြေသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားနှင့် ပြည်တွင်းခရီးသွားများအား ဖျော်ဖြေပွဲအဖြစ် ဒုံးယိမ်းပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအား ပထမဆု ငွေကျပ်တစ်သိန်းငါးသောင်း၊ ဒုတိယဆုငွေကျပ်တစ်သိန်း၊ တတိယဆုငွေကျပ်ငါးသောင်းနှင့် နှစ်သိမ့်ဆုများပေးအပ်မည်ဖြစ်သည်။ ထို့အပြင် ဆင်အက၊ ကျားအက၊ ဇော်ဂျီအကနှင့် အကပဒေသာများပါဝင်ပြီး ကမ်းခြေဟိုတယ်များက စုပေါင်း၍ စားသောက်ဆိုင်များဖြင့် စည်ကားစွာ ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်ကြောင့် မီးမလောင်ပါစေနှင့်

အများအားဖြင့်သာယာမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ချင်းပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး၊ မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၂)ဒီဂရီ စင်တီဂရိတ်၊ လွိုင်လင်မြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် မိုးကုတ်မြို့တွင်၄ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဇန်နဝါရီ ၁ရက် ညနေထိ ခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဆေးတက္ကသိုလ်(၂)(ရန်ကုန်) အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ဆေးတက္ကသိုလ်(၂)(ရန်ကုန်)၌ ၁၉၈၂/၈၃/၈၄ ခုနှစ် နိုဝင်ဘာတွင် ပထမနှစ်စတင်သင်ကြားခဲ့ကြသော သူငယ်ချင်းများ စုပေါင်း၍ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ Dolphin Restaurant၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲတွင် မှတ်တမ်းစာအုပ်ပြုစုထုတ်လုပ်နိုင်ရန်အတွက် ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် ဓာတ်ပုံများ၊ ကိုယ်ရေး အချက်အလက်များနှင့် အလှူငွေများကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၀ရက် နောက်ဆုံးထား၍ အချိန်မီပေးပို့ပေးကြရန်နှင့် ဆက်သွယ်ပေးပို့ လှူဒါန်းလိုသူများသည် ဒေါက်တာစိုးမင်းနိုင် ဖုန်း-၀၉၅၁ ၃၈၇၀၃၊ ဒေါက်တာရဲထွဋ်ဦး ဖုန်း-၀၉၅၀ ၀၆၁၅၉၊ ဒေါက်တာအေးအေးစန်း ဖုန်း-၀၉၅၁ ၁၄၅၃၆၊ ဒေါက်တာအေးသီတာသန်း ဖုန်း-၀၉၅၁ ၃၆၈၁၀၊ ဒေါက်တာခင်ခင်လေး ဖုန်း-၀၉၅၁ ၂၀၇၇၃၊ ဒေါက်တာတင်လှိုင် ဖုန်း-၀၉၅၁ ၉၉၅၉၆၊ ဒေါက်တာဝင်းနိုင်ထွန်း ဖုန်း-၀၉၅၁ ၂၄၇၂၀၊ ဒေါက်တာ နိုင်နိုင်အေး ဖုန်း-၀၁ ၇၂၂၁၄၅၊ ဒေါက်တာညိုမီမေသင် ဖုန်း-၀၉၅၁ ၈၆၄၃၇၊ ဒေါက်တာစပယ်ဖြူ ဖုန်း-၀၉၅၀ ၁၄၁၇၃၊ ဒေါက်တာကျော်မင်း ဖုန်း-၀၉၅၁ ၂၉၀၄၂၊ ဒေါက်တာအောင်မျိုးထွန်း ဖုန်း-၀၉၅၁ ၉၅၄၉၂၊ ဒေါက်တာစိုးနိုင် ဖုန်း-၀၉၅၁ ၄၁၉၃၉၊ ဒေါက်တာသန့်ဇင်(တောင်ငူ) ဖုန်း-၀၉၂၀ ၀၆၇၆၄နှင့် ဒေါက်တာကြူကြူအုန်းရှိန် ဖုန်း-၀၉၅၁ ၂၀၁၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်သမဝါယမဒီဂရီကောလိပ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

၁၉၉၄-၁၉၉၅မှ ၂၀၀၇-၂၀၀၈ အထိ ကျောင်းသား၊ ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် ရက်တွင် ကျင်းပမည်ဖြစ်ရာ ဒေါ်သင်းလဲ့ကြည် ဖုန်း-0951 84924၊ ဦးနေမင်းအေး ဖုန်း-0950 69254၊ ဦးအောင်ကိုမင်း ဖုန်း-09-5210905၊ ဦးဇေယျာမင်းဆွေ ဖုန်း-056-21633 တို့သို့ ဆက်သွယ် စုံစမ်းနိုင်ရန်နှင့် နယ်မှ အလှူငွေထည့်မည့်သူများ သန်လျင် မြန်မာ့စီးပွားရေးဘဏ်သို့ ဒေါ်သင်းသင်းယု လ/ထကထိက [၈/ခမန(နိုင်)၁၁၁၄၈၃]သို့ လိပ်မူ လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်းမ်ဂျာနယ် နှစ်ပတ်လည်အထူးထုတ်ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၅) အမှတ် (၁)ကို နှစ်ပတ်လည် အမှတ်တရ အထူးထုတ်စာစောင်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ရာ လွတ်လပ်ရေး အမှတ်တရဂုဏ်ပြုဆောင်းပါး၊ မြန်မာ့စီးပွားရေးသုံးသပ်၊ မြန်မာ့နိုင်ငံရေး သုံးသပ်၊ ကမ္ဘာ့ဖြစ်စဉ်များ သုံးသပ်၊ ခရီးသွားစီးပွားသုံးသပ်၊ ကြော်ငြာစီးပွား သုံးသပ်စသည့် သုံးသပ်ချက်ဆောင်းပါးများ ဝေဝေဆာဆာ စာမျက်နှာများ များဖြင့် တိုးမြှင့်ထုတ်ဝေလိုက်သည်။

ယင်းအပြင် မြန်မာ့ဆန် ပြည်ပဈေးကွက်သစ်များ ချဲ့ထွင်မှု အခြေအနေ၊ အာရှ- ပစိဖိတ်အကြီးဆုံး ဇိမ်ခံသင်္ဘောကြီးပေါ်တွင် မြန်မာဇာတ်ကားသွားရောက် ရိုက်ကူးမည်တဲ့၊ ရတနာပုံဆိုက်ဘာစီးတီးတွင် မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီကြီးက ရင်းနှီးမြှုပ်နှံပြီး အိတ်ချိန်းများ တပ်ဆင်ထုတ်လုပ်မည်၊ ၂၀၀၉ အိမ်ခြံမြေဈေးကွက် ကြိုတင်သုံးသပ်ချက်၊ နိုင်ငံတကာမှ ဘာသာရပ်ဆိုင်ရာစာအုပ်များနှင့် ကလေးစာပေများ မြန်မာနိုင်ငံ တစ်ဝန်းရှိ စာကြည့်တိုက်များသို့ လှူဒါန်းမည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ “လူငယ်နှင့် နှစ်သစ်စိတ်ကူး” အကြောင်း၊ ဖျော်ဖြေရေးသတင်းများ အပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာ သတင်းများပါရှိသည်။

အိန္ဒိယအမျိုးသားများ၏ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးနှင့်ဆိုင်သော မှတ်တမ်းစာအုပ်ထွက်ရှိ၊ ဘင်လာဒင်အသက်ရှင်လျက် ရှိ၊ မရှိ အမေရိကန်ဒုသမ္မတ ဒစ်ချေနီမသိ၊ ထိုင်းစကော်ပီယံကွင်း ဒုတိယအကြိမ် ဂင်းနက်စ်မှတ်တမ်းဝင်ရန် ကြိုးပမ်းခဲ့၊ ကမ္ဘာ့ပထမဆုံး ရေခဲရိုက်သဲသောင်ပြင် ဒူဘိုင်းရှိ ဇိမ်ခံဟိုတယ်တစ်ခုတွင် တည်ဆောက်မည်၊ “တရုတ်အမျိုးသား တစ်ဦးက သူ၏ချစ်သူဆိုသောအမျိုးသမီးအား သုံးထပ်တိုက်ပြတင်းပေါက်မှ ပစ်ချရန်ကြိုးပမ်းသဖြင့် အဖမ်းခံရ” မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ “ပြောရဦးမယ် သူတို့က ဒီလိုတဲ့” ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

နေပြည်တော် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးပွဲ

နေပြည်တော် ဒီဇင်ဘာ ၃၁

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဒုတိယအကြိမ် ယာဉ်စည်းကမ်း လမ်းစည်းကမ်းအသိပညာပေး ပြပွဲ၊ ပြိုင်ပွဲကို စတုတ္ထနေ့အဖြစ် နေပြည်တော်ပျဉ်းမနားမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့ ဆက်လက်ခင်းကျင်းပြသသည်။

ပြပွဲသို့ နေပြည်တော်ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးဝင်းစိန်ဦးစီး၍နေပြည်တော်ပျဉ်းမနား၊နေပြည်တော်လယ်ဝေး၊ နေပြည်တော်တပ်ကုန်းတို့ရှိ ရဲစခန်းအသီးသီးမှ တပ်ဖွဲ့ဝင်များ၊ ၎င်းတို့၏ မိသားစုဝင်များ လာရောက်ကြည့်ရှု ကြောင်းသိရှိရသည်။

(၁၀၇)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၁-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၅။ အကပဒေသာ
၈း၁၅ ၆။ အဆိုပြိုင်ပွဲ
၈း၂၅ ၇။ **“ကောင်းခြင်းဝေဖြာ” (ထွန်းထွန်းနိုင်၊ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊မင်းသူ၊ မြင့်မြင့်ခိုင်၊ခင်မို့မို့အေး၊ ချစ်စနိုးဦး) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]**
၈း၄၀ ၈။ International News.
၈း၅၀ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၄း၂၅ ၃။ နားဝင်ပီယံသူ့လက်သံ
၄း၄၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (ရူက္ခဗေဒအထူးပြု) (ရူက္ခဗေဒ)
၅း၁၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၇။ မြန်မာ့ရိုးရာဓလေ့ကျေးလက် တေးသံများ “စာကလေး” (ဆင်တပ်မင်္ဂလာဗျောညွန့်)
၅း၃၀ ၈။ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကုန်သွယ်မုန်တိုင်း” (အပိုင်း-၃၉)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာခိုင်မာစေမှုဒို့ရှေးရှု
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပင်လယ်ပျော်မင်းသား” (အပိုင်း-၅၉)**
၁၉။ အစီအစဉ်ပြီး၏။

၂၀၀၉ နှစ်ဦးဆုတောင်း

မိတ်ဟောင်း မိတ်သစ်များ အားလုံး နှစ်သစ်ကူးအခါသမယတွင်
စီးပွားလာဘ်လာဘများ တိုးတက်ကြီးပွားပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

OCEAN CROWN FREIGHT SERVICES CO.,LTD.

အမှတ်-၄၅(ခ)၊ဒုတိယထပ်၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၄၀ ၄၀၃၊ ၃၉၃ ၀၆၂၊ ၀၉-၈၆၁၅ ၇၇၇ E-mail : ocs-doc@myanmar.com.mm, ocs-sales@myanmar.com.mm

၂၀၀၈ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

၂၀၀၈ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင် တက်ရောက်၍ ပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်သည်။

ဗိုလ်လုပွဲသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ တပ်မတော်အရာရှိ အရာခံ၊ အကြပ်၊စစ်သည်များနှင့် မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် ၂၀၀၈ ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းအား တံခွန်စိုက် ဆုဖလားကြီးနှင့် ဆင့်ပွားဖလားကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

အနိုင်ရဗိုလ်စွဲ

ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးကြီး သိန်းနိုင်က တတိယရရှိသော တပ်မတော်(လေ)အသင်းအား ဆုချီးမြှင့်ပြီး ဒုတိယရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းအား တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မင်းနိုင်က ပထမရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ် အသင်းအား တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က နေရာအလိုက် အကောင်းဆုံးဘောလုံးသမားဆု ရရှိကြသူများနှင့် အသန့်ရှင်းဆုံး အသင်းဆု ရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်က ပထမရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တံခွန်စိုက်ဆုဖလားကြီးနှင့် ဆင့်ပွားဖလားကို ပေးအပ်ချီးမြှင့်လိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ် ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီးစပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံး စပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇ သန်းမှ စပါးတင်းသန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါး ပမာဏသည် လူဦးရေ ၃ ဒသမ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေး ညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကြေးမုံ The Mirror

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို

❑ ၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လယ်ယာစိုက်ပျိုးရေး (ဆည်တမံ)ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း စာမျက်နှာ(၇)

❑ နန္ဒစိုး(တောင်ငူ)၏ “ရွှေပြည်ကြီးက ကြိုနေပြီ” (ကဗျာ) စာမျက်နှာ(၄)

❑ ဇော်မင်းမင်းဦး၏ “သာကီမျိုးတို့ မြန်မာပြည်” (ကဗျာ) စာမျက်နှာ(၉)



❑ “နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော မြန်မာတိုင်းရင်းသားတို့သည် လွတ်လပ်ရေးကို ထိပါးနှောင့်ယှက်လာသော လုပ်ရပ်မှန်သမျှကို တွန်းလှန်ဖယ်ရှားကာ လွတ်လပ်ရေးကို ကာကွယ်လျက်ရှိကြပါသည်”

ငါးမင်းဆွေ၏ လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြု(ဆောင်းပါး)

စာမျက်နှာ(၈၊၉)